ကြေးမုံ

The Mirror

၁၃၆၆ ခုနှစ်၊ နယုန်လဆန်း ၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ (26-5-2004) (၄၂၄၅)

ကာလေန ဓမ္မသာကစ္ဆာ ဧတံ မင်္ဂလ မုတ္တမံ။

သင့်လျော်သောအခါ၌ တရားဆွေးနွေးခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

ကြည့်ရှုစစ်ဆေး

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မေ ၂၄ရက်က အစိုးရနည်းပညာ ကောလိပ် (ပင်လုံ)အတွင်း ကျောင်းသား၊ ကျောင်းသူများ လက်တွေ့သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

တိုင်းရင်းသားလူမျိုးများအားလုံး လူမျိုးမရွေး ဘာသာမရွေး မျှတစွာဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်အစိုးရက ဖွံ့ဖြိုးရေးစီမံကိန်းကြီး(၃)ရပ် ချမှတ်အကောင်အထည်ဖော်ပေးနေ

ပြည်သူအားလုံးက မိမိတို့တွင်လည်း တာဝန်ရှိသည်ဆိုသည့် သဘောထားခံယူချက်ထားရှိ ပြည်ထောင်စုစိတ်ဓာတ်အခြေခံလျက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်

ရန်ကုန် မေ ၂၅

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၄ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ တပ်မတော်လေယာဉ်ဖြင့် ထွက်ခွာကြရာ နံနက် ၉နာရီ ၁၅မိနစ်တွင် ရှမ်းပြည်နယ် နမ့်စန်မြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ နမ့်စန်တပ်နယ်မှ ဗိုလ်မှူးချုပ်သူရမြင့်သိန်း၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ★

ရှမ်းပြည်နယ် လွိုင်လင်မြို့ အစိုးရနည်းပညာကောလိပ် (ပင်လုံ) အဆောက်အအုံကို တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စဖြစ်သည်။

ကြေးမုံ The Mirror
၂၆–၅–၂၀၀၄
(ဗုဒ္ဓဟူးနေ့)

ရန်ကုန်မြို့တော် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး သီးနှံစိုက်ပျိုးရေး ကြိုးပမ်း

ရန်ကုန်မြို့တော်ကြီးကို နိုင်ငံတကာအဆင့်မီ မြို့တော်များ၏ အင်္ဂါရပ်များနှင့်လျော်ညီစွာ ဖြစ်ထွန်းလာစေရန် သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့က ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရန်ကုန်မြို့တော် ခေတ်မီဖွံ့ဖြိုးလာခြင်းနှင့်အတူ ရန်ကုန်မြို့တော် မိုင် ၃၀ ပတ်လည်တွင် စိုက်ပျိုးရေးကို အခြေခံထားပြီး စိမ်းလန်းစိုပြည်စေရေး စီမံဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားထားသည်။

ရန်ကုန်မြို့တော် မိုင် ၃၀ ပတ်လည် စိုက်ပျိုးရေးနှင့် စိမ်းလန်းစိုပြည်ရေးစီမံကိန်းသည်ရန်ကုန်တိုင်း စပါးသီးနှံစိုက်ပျိုးရေး အတွက် အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းစေမည့် စီမံကိန်းကြီးတစ်ခုဖြစ်သည်။ အဆိုပါစီမံကိန်းသည်ကြီးမားသော ဆည်တမံကြီးများ တည်ဆောက်ပေးရန်မလိုအပ်ဘဲ တည်ရှိပြီးဖြစ်သော ရေသွယ်တူးမြောင်းများ၊ ရေထိန်းတံခါးများ၊ ဆည်တမံအသေးစားများကို လိုအပ်သည့်ဒေသများတွင် စနစ်တကျ ဆက်စပ်တည်ဆောက်ပေးရုံမျှဖြင့် အချိန်တိုကာလအတွင်း အကျိုးဖြစ်ထွန်းလာနိုင်မည်ဖြစ်သည်။

ရန်ကုန်မြို့ဝန်းကျင်တွင် အဆိုပါစီမံကိန်းအောင်မြင်လာသည်နှင့် အမှျယခင်ကမိုးရာသီတွင်သာစပါးစိုက်ပျိုးဖြစ်ထွန်းခဲ့သည့် သန်လျင်၊ ခရမ်း၊ သုံးခွ၊ ကျောက်တန်းမြို့နယ်များတွင် ရာသီမရွေး သီးနှံများစိုက်ပျိုးဖြစ်ထွန်းလာမည်ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အဖွဲ့ဝင်များ လိုက်ပါလျက် မေလ ၂၁ ရက်နေ့က ရန်ကုန်တိုင်း ခရမ်းမြို့နယ်၊ ပဲခူးတိုင်း ကဝမြို့နယ်များအတွင်း မိုးစပါးစတင်စိုက်ပျိုးနေမှုများ၊ ခရမ်းရေထိန်းတံခါး တည်ဆောက်ရေးလုပ်ငန်းခွင်၊ ခရမ်းချောင်းတူးမြောင်းဖောက်လုပ်ရေးလုပ်ငန်းခွင်၊ မြို့နယ်ပညာရေး၊ ကျန်းမာရေး ဖွံ့ဖြိုးမှုများကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာတာဝန်ရှိသူတို့အား လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

ခရီးစဉ်အတွင်း ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် တံတားမြို့သို့ရောက်ရှိစဉ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံရာ၌ **ယခင်က ကဝ၊ ခရမ်း၊ သုံးခွနှင့် ကျောက်တန်းမြို့နယ်များ၌ မိုးစပါးနှင့်ဆောင်းသီးနှံသာ စိုက်ပျိုးနိုင်ခဲ့ပြီး နွေရာသီတွင် စိုက်ပျိုးရေမရသဖြင့် နွေစပါးနှင့်အခြားသီးနှံများ စိုက်ပျိုးနိုင်ခြင်း မရှိခဲ့ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်က ရန်ကုန်မြို့တော်ဝန်းကျင် မိုင် ၃၀ ပတ်လည် စိမ်းလန်းစိုပြည်ရေးနှင့် နွေ၊ မိုး၊ ဆောင်းစိုက်ပျိုးနိုင်ရေး စီမံချက်ချမှတ်ပြီး အမိကစိုက်ပျိုးရေရရှိရေး စီမံဆောင်ရွက်လျက်ရှိကြောင်း** ပြောကြားသွားသည်။

ရန်ကုန်တိုင်း ခရမ်း၊ သုံးခွ၊ သန်လျင်မြို့နယ်များမှ လယ်မြေဧက ၅၅၀၀၀ ခန့်ကို နွေရာသီရေပေးနိုင်ရန် မိုးယွန်းကြီးအင်းမှရေကို ဇွဲဘတ်ရေထိန်းတံခါးမှတစ်ဆင့် တူးမြောင်းများအဆင့်ဆင့်သွယ်ယူပြီး စိုက်ပျိုးရေပေးဝေနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။

သန်လျင်မြို့နယ်တွင် ဆည်မြောင်းဦးစီးဌာနက ဧရိယာဧက ၃၀၀၀၀ ကို အကျိုးပြုနိုင်မည့် ခရမ်းရေထိန်းတံခါးကို တည်ဆောက်လျက်ရှိသည်။ အဆိုပါရေထိန်းတံခါးပြီးစီးပါက ခရမ်း၊ သုံးခွနှင့် သန်လျင်မြို့နယ်များ၌ ရေတော်မိုးတော် လယ်မြေများရရှိပြီး နွေစပါးနှင့် သီးထပ်သီးနှံများ စိုက်ပျိုးရာ၌ ရေငန်တားဆီးမှု၊ ရေချိုရရှိနိုင်မှုတို့အပြင် ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အကျိုးပြုမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက တိုင်းရင်းသားပြည်သူများအားလုံး၏ လူနေမှုဘဝ မြင့်မားရေး၊ စီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် အဘက်ဘက်က ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်နှင့်အညီ ဌာနဆိုင်ရာများ၊ ပြည်သူများနှင့် တောင်သူလယ်သမားများက ရန်ကုန်မြို့တော် မိုင် ၃၀ ပတ်လည်စိုက်ပျိုးရေးနှင့် စိမ်းလန်းစိုပြည်ရေး စီမံကိန်းအောင်မြင် ဖြစ်ထွန်းရေး၊ တစ်နှစ်ပတ်လုံးသီးနှံစုံစိုက်ပျိုးနိုင်ရေး ဝီရိယစိုက်ထုတ်ကြိုးပမ်းသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမျိုးသားညီလာခံ ကျောင်းပရေးလုပ်ငန်းကော်မတီ(၃/၂၀၀၄)ကြိမ်မြောက်အစည်းအဝေးကို ညောင်နှစ်ပင်စခန်းရှိ လုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး အဖွင့်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ (၃/ ၂၀၀၄)ကြိမ်မြောက် အစည်းအဝေးကျင်းပ

ရန်ကုန် မေ ၂၅

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ၏ (၃/၂၀၀၄)ကြိမ်မြောက်အစည်းအဝေးကို ယနေ့နံနက်၉ နာရီခွဲတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ်ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ်ဦးအေးမောင်၊ အတွင်းရေးမှူး ဦးသောင်းညွန့်၊ တွဲဖက်အတွင်းရေးမှူး(၁) ဦးခင်မောင်မြင့်၊ တွဲဖက်အတွင်းရေးမှူး(၂)ဒေါက်တာသောင်းမြင့်နှင့် လုပ်ငန်းကော်မတီဝင်များ စုံညီစွာ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်နှင့် အတွင်း ရေးမှူး ဦးသောင်းညွန့်တို့က လုပ်ငန်း ကော်မတီမှဆောင်ရွက်ရန်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီဝင်များက မိမိတို့ လုပ်ငန်းတာဝန်အလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို အကြံပြုဆွေးနွေးတင်ပြကြရာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်တို့က အကြံပြုဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းစီမံ ဆောင်ရွက်ပေးကြသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)



အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ (၃/၂၀၀၄) ကြိမ်မြောက် အစည်းအဝေးကို ညောင်နှစ်ပင်စခန်းရှိ လုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်က ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)



အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ (၃/၂၀၀၄) ကြိမ်မြောက် အစည်းအဝေးကို ညောင်နှစ်ပင်စခန်းရှိ လုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့်က ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

သူ့အရိပ်ခိုလျှင်

☆ သူ့ရုပ်သူ့မြေ၊ ခိုကပ်နေလျှင်
သူစေသမျှ၊ လုပ်ကြရမှာ
ဓမ္မတာ။
☆ သူပေးကျွေးတာ၊ လက်ခံပါမူ
သူကြည်ဖြူအောင်၊ လုပ်ဆောင်ရမှာ
ဓမ္မတာ။
☆ သူ့အရိပ်ခို၊ သူ့အလိုကျ
မျက်နှာရအောင်၊ လုပ်ဆောင်ရမှာ
ဓမ္မတာ။
☆ ဤဓမ္မတာ၊ တွေးမိလာ၍
သူ့ရွာသူ့ပြည်၊ ခိုမှီနေရှာ
သူ့ခများများ၊ ကိုယ့်သွေးသားတွေ
သွေးကွဲလေအောင်၊ တို့ထောင်စကား
မြဲပြောကြားကာ၊ နေရရှာခြင်း
အကြောင်းရင်းဟာ၊ ဒါ့ကြောင့်ပါလား
သေချာသိရှိ၊ သနားမိ။
☆ ဆဲချင်သလောက် ဆဲပါဘိ
ခွဲချင်သလောက် ခွဲပါဘိ
သင်တို့ဘဝ ဒို့သိရှိ
ခွင့်လွှတ်စိတ်ဟာ အမြဲရှိ။
☆ သင်တို့ခွဲ၍ ဒို့မထိ
မျိုးချစ်စိတ်ဓာတ် ဒို့အပြည့်
ကိုယ်ခံစွမ်းအား အမြဲရှိ။ ။

ပျံလွှား

အီရတ်တွင် ကျင့်သုံးသော နည်းဗျူဟာများနှင့်ပတ်သက်၍ ကန်နှင့်ဗြိတိန်တို့ သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်လျက်ရှိ

လန်ဒန် မေ ၂၃

အမေရိကန်တပ်ဖွဲ့သည် အီရတ်နိုင်ငံတွင် စနစ်မရှိသော နည်းဗျူဟာများကို ကျင့်သုံးနေကြောင်း၊ အီရတ်အကျဉ်းသားများကို မတရားပြုကျင့်မှုများရှိနေကြောင်း ဗြိတိသျှအစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပေါက်ကြားသွားသော ရုံးတွင်းမှတ်စုတစ်ခုကို ကိုးကားလျက် ဆန်းဒေးတိုင်းမ်စ်သတင်းစာက စနေနေ့တွင် ရေးသားဖော်ပြသည်။

ဗြိတိန်နိုင်ငံသည် အီရတ်ပဋိပက္ခ ဖြစ်ပွားမှု ကာလတစ်လျှောက်လုံးတွင် အမေရိကန်ပြည်ထောင်စု၏ အနီးကပ် မဟာမိတ်နိုင်ငံအဖြစ် ရပ်တည်ခဲ့ကြောင်း၊ သို့ရာတွင် မိမိတို့ရရှိသော ရုံးတွင်းမှတ်စုအရ ဗြိတိန်နှင့် အမေရိကန်တို့အကြား သဘောကွဲလွဲမှုများ ရှိနေပုံကို ထင်ဟပ်နေကြောင်းဆန်းဒေးတိုင်းမ်စ်သတင်းစာက ရေးသားဖော်ပြသည်။ ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲကမူ ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုတို့အကြား မဟာဗျူဟာကျင့်သုံးမှုအပိုင်းတွင် သဘောကွဲလွဲမှုများမရှိဟု လူသိရှင်ကြား အခိုင်အမာ ပြောကြားခဲ့သည်။

လွန်ခဲ့သည့် ရက်သတ္တပတ် အနည်းငယ်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့နှင့် နာဂျက်ဖ်မြို့တို့တွင် အမေရိကန်တပ်ဖွဲ့က ကျင့်သုံးခဲ့သော နည်းဗျူဟာများသည် ပရမ်းပတာနိုင်ပြီး အဓမ္မဆန်ကြောင်း၊ ယင်းနည်းဗျူဟာများကြောင့် ပြဿနာများ ပိုမိုရှုပ်ထွေးစေကြောင်း၊ အမေရိကန်၏ နည်းဗျူဟာများကြောင့် အီရတ်ရှိ အမေရိကန်နှင့်အပေါင်းပါ တပ်ဖွဲ့များအား ဆွန်နီနှင့်ရှီးယိုက်တို့က ဆန့်ကျင်မှုများ ပိုမိုပြင်းထန်လာစေပြီး အမေရိကန် ဦးဆောင်သောတပ်ဖွဲ့အပေါ် အီရတ်လူထု၏ ထောက်ခံမှုများစွာ ဆုံးရှုံးရသည်ဟု ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးဌာန၏ ရုံးတွင်းမှတ်စုတွင် ရေးသားဖော်ပြထားကြောင်း သတင်းစာကဆိုသည်။

အီရတ်နိုင်ငံရှိ အဘူဂါရိုပ် အကျဉ်းထောင်တွင် ထိန်းသိမ်းခံထားရသော အကျဉ်းသားများအပေါ် မတရားပြုမူဆက်ဆံသည့် အရုပ်တော်ပုံကြောင့် အီရတ်နိုင်ငံနှင့်နိုင်ငံတကာ အသိုက်အဝန်းအတွင်း အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့အပေါ် စိတ်ပျက်မှုများ ဖြစ်ပေါ်ရကြောင်း အဆိုပါရုံးတွင်းမှတ်စု၌ ဖော်ပြထားသည်။ ဗြိတိသျှနိုင်ငံခြားရေး ဝန်ကြီးဌာနရုံးသည် ဆန်းဒေးတိုင်းမ်စ်သတင်းစာ၏ ရေးသားဖော်ပြမှုနှင့်ပတ်သက်၍ ဝေဖန်ပြောကြားရန် ငြင်းဆိုသည်။

ဗြိတိန်နှင့် အမေရိကန်တို့သည် အီရတ်မူဝါဒနှင့်ပတ်သက်၍ သဘောထားကွဲလွဲနေသည်ဆိုသော ပြောဆိုချက်များကို ထပ်တလဲလဲ ငြင်းဆိုခဲ့သည်။ မူဝါဒရေးရာ သဘောထားကွဲလွဲမှု ပြဿနာနှင့် ပတ်သက်၍ ပွင့်ပွင့်လင်းလင်း ဝေဖန်ဆွေးနွေးခွင့်ရှိသင့်သည်ဟု တိုနီဘလဲ၏ အဓိက နိုင်ငံရေးအတိုက်အခံများက တောင်းဆိုခဲ့ကြသည်။

သို့ရာတွင် အီရတ်ဆိုင်ရာ မူဝါဒနှင့်ပတ်သက်၍ အမေရိကန်နှင့်ဖြစ်ပေါ်နေသော သဘောထားကွဲလွဲမှုများကို လူသိရှင်ကြား ပြောဆိုဆွေးနွေးနိုင်ခြင်း မရှိကြောင်း၊ အကြောင်းမှာ ယင်းသို့ ဆွေးနွေးခြင်းဖြင့် အီရတ်တွင် တာဝန်ထမ်းဆောင်နေသော မိမိတို့တပ်ဖွဲ့များ၏ တိုက်ခိုက်ရေးစိတ်ဓာတ်ထိခိုက်နိုင်သောကြောင့် ဖြစ်ကြောင်း တိုနီဘလဲက ၎င်း၏ဝန်ကြီးများအား နောက်ပိုင်းတွင် ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

မေ ၁၉ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိ အစိမ်းရောင်ဇုန်နယ်မြေအတွင်း စိန်ပြောင်းကျည်တစ်လုံး ကျရောက်ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များ နေရာယူစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကန်စွပ်စွဲချက် အီရန်ငြင်းဆို

တီဟီရန် မေ ၂၃

ပြဿနာ ဝိုင်းလျက်ရှိနေသည့် အီရတ်နိုင်ငံရေးသမား အာမက်ချာလာဘီနှင့်အကြိတ်အနယ်ဆွေးနွေးခဲ့ကြောင်း အီရန်နိုင်ငံက တနင်္ဂနွေနေ့က ဝန်ခံလိုက်သည်။ သို့ရာတွင် ချာလာဘီက အီရန်သို့ လျှို့ဝှက် သတင်းအချက်အလက်များပေးခဲ့သည်ဆိုသော စွပ်စွဲချက်ကို ငြင်းဆန်လိုက်သည်။

ချာလာဘီနှင့် အီရန်အစိုးရတို့၏ ကာလရှည်ကြာဆက်ဆံရေးအခြေအနေများနှင့် စပ်လျဉ်း၍ ချာလာဘီ၏ ရည်ရွယ်ချက်အပေါ် အမေရိကန်အစိုးရအဖွဲ့ဝင်အချို့က သင်္ကာမကင်းဖြစ်နေကြသည်။ ချာလာဘီက အမေရိကန်သိမ်းပိုက်မှု တပ်ဖွဲ့ဝင်များ၏ အရေးကြီးသတင်းများကို ပေးပို့သည့် စွပ်စွဲချက်မှာ မဟုတ်မှန်ကြောင်း ငြင်းဆိုထားသည်။ ***အင်တာနက်။***

အာဖဂန်၌ ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခံရသဖြင့် အမေရိကန် တပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရ

ကဘူး မေ ၂၃

အာဖဂန်နစ္စတန် အရှေ့တောင်ပိုင်းမှ မတည်မငြိမ်ဖြစ်နေသည့် ခိုစ့်ပြည်နယ်တွင်အာဖဂန်တို့၏ဆက်လက်တိုက်ခိုက်နေမှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင် လေးဦး ထပ်မံဒဏ်ရာရရှိသွားကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက စနေနေ့တွင် ပြောကြားသည်။

ဒဏ်ရာရရှိ

ရှေ့တန်း စစ်ဆင်ရေးစခန်းတွင် သောကြာနေ့က ရော့ကက်ဒုံးကျည်ဖြင့် တိုက်ခိုက်ခံရသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူ တက်ကာမာဆန်လာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဘာကနိုစခန်းသည် တာလီဘန် အကြွင်းအကျန်များ လွန်ခဲ့သည့် နှစ်နှစ်အတွင်း ပုန်းအောင်းလှုပ်ရှား နေသည့် အာဖဂန်နစ္စတန် အရှေ့တောင်ပိုင်း ခိုစ့်ပြည်နယ်တွင် တည်ရှိသည်။ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် တာလီဘန် တိုက်ခိုက်ရေးသမားများက ဒုံးကျည်နှစ်စင်းဖြင့် အမေရိကန်စခန်းကို ပစ်ခတ်တိုက်ခိုက်ခြင်းဖြစ်သည်ဟု မာဆန်ဂါက ပြောကြားသည်။

ပြောကြား

ပထမပစ်ခတ်သည့် ဒုံးကျည်မှာ အမေရိကန်တပ်ဖွဲ့ဝင်လေးဦးရှိနေသော နေရာအနီးတွင် ကျရောက်ခဲ့သည်။ အဆိုပါ တပ်ဖွဲ့ဝင်လေးဦးစလုံးဒဏ်ရာ ရရှိခဲ့သော်လည်း ဒုတိယမြောက်ပစ်ခတ်သည့် ဒုံးကျည်မှာမူ ထိခိုက်ဒဏ်ရာ ရရှိသူမရှိကြောင်း ၎င်းက ပြောကြားသည်။ ကြာသပတေးနေ့ကလည်း စခန်းအနီးရှိ အဆောက်အအုံတစ်ခုမှ ပစ် ခတ်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိခဲ့သေးသည်ဟု ဒေသဆိုင်ရာ သတင်းများအရသိရသည်။ ***အင်တာနက်။***

အမေရိကန် မရိန်းတပ်ဖွဲ့ဝင်တစ်ဦး အီရတ်တွင် ထပ်မံသေဆုံး

ဘဂ္ဂဒက် မေ ၂၃

အီရတ်နိုင်ငံတွင် လုံခြုံရေးနှင့် တည်ငြိမ်ရေး စစ်ဆင်ရေးပြုလုပ်စဉ် တိုက်ခိုက်မှုကြောင့် မဟုတ်ဘဲ အမေရိကန် မရိန်းတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက စနေနေ့တွင် ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

သေဆုံး

သေဆုံးသူမှာ အမေရိကန်အမှတ် (၁) မရိန်းစူးစမ်းရှာဖွေရေး တပ်ဖွဲ့မှဖြစ်ပြီး ဘဂ္ဂဒက်မြို့ အနောက်ဘက် ဖော်လူဂျာစခန်းတွင် သောကြာနေ့က တိုက်ခိုက်မှုကြောင့် မဟုတ်ဘဲ သေဆုံးခဲ့ရခြင်းဖြစ်သည်။

စုံစမ်းစစ်ဆေး

အဆိုပါ မရိန်းတပ်ဖွဲ့ဝင် သေဆုံးရသည့်အကြောင်းကို စုံစမ်းစစ်ဆေးလျက်ရှိပြီး သေဆုံးသူမရိန်း တပ်ဖွဲ့ဝင်၏ အမည်ကို ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

သေဆုံးသမျှ

မကြာမီက သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်များ အပါအဝင် ၂၀၀၃ ခုနှစ် မတ်လတွင် အီရတ်စစ်ပွဲစတင်ဖြစ်ပွားခဲ့ချိန်မှစ၍ အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၇၉၃ ဦးရှိသွားပြီ ဖြစ်သည်။ ယင်းအနက် ၅၇၇ဦးမှာ တိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက်၌ ကားဗုံးပေါက်ကွဲ၍ ကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ဘဂ္ဂဒက် မေ ၂၃

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့တောင်ဘက်တွင် အမေရိကန်စစ်ဘက်ဆိုင်ရာ ယာဉ်တန်းတစ်ခုအနီးတွင် ကားဗုံးပေါက်ကွဲသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားသုံးဦး ဒဏ်ရာရရှိသွားကြောင်း အမေရိကန်စစ်ဘက်က စနေနေ့တွင် ပြောကြားသည်။

အမေရိကန် အမှတ်(၁) သံချပ်ကာတပ်မမှ တပ်ဖွဲ့ဝင်များအား ဘဂ္ဂဒက်မြို့ တောင်ဘက် ကီလိုမီတာ ၃၀အကွာ အယ်မာပူဒီယာဒေသအပြင်ဘက်တွင် ယာဉ်တစ်စီးဖြင့် သယ်ဆောင်လာသည့် လက်လုပ်ဗုံးဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ထုတ်ပြန်သည့်ကြေညာချက်၌ ဖော်ပြထားသည်။

မည်သည့်အချိန်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်ကိုမူ ကြေညာချက်၌ ဖော်ပြမထားပေ။

အီရတ်နိုင်ငံတွင် ၂၀၀၃ခုနှစ်မတ်လက အီရတ်စစ်ပွဲ စတင်ချိန် ကတည်းက ယင်းနိုင်ငံ၌သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၇၉၃ဦးရှိသွားပြီဖြစ်သည်။ ယင်းအနက် ၅၇၇ဦးမှာ တိုက်ခိုက်မှုများကြောင့် သေဆုံးရခြင်းဖြစ်သည်။***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်နိုင်ငံအား အမေရိကန် ကျူးကျော်သိမ်းပိုက်မှုကို အီရန်နိုင်ငံ တီဟီရန်မြို့၌ မေ ၁၉ရက်က ကန့်ကွက်ဆန္ဒပြရာ အဓိကရုဏ်းများ ဖြစ်ပွားနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်နှင့်အာဖဂန်၌ အကျဉ်းသား ၃၇ ဦးသေဆုံးမှု ကန်တပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုပြုလုပ်

ဝါရှင်တန် မေ ၂၃

အီရတ်နှင့်အာဖဂန် နစ္စတန်ရှိ အမေရိကန် အကျဉ်းစခန်းများ၌ ၂၀၀၂ ခုနှစ် ဩဂုတ်လမှစ၍ ထိန်းသိမ်းခံရသည့်အကျဉ်းသား ၃၇ ဦး သေဆုံးမှုကို အမေရိကန်တပ်ဖွဲ့က စုံစမ်းစစ်ဆေးကြောင်း အမေရိကန်စစ်ဌာနချုပ် အရာရှိက ကြေညာသည်။

စုံစမ်းစစ်ဆေးသည့်နောက်ဆုံး အမှုစာရင်းမှာ ထိပ်တန်းစစ်ဘက်အရာရှိကြီးများ ယခုလစောစောပိုင်းက ပြောကြားသည့် အမှု ၂၅မှုထက် ပိုမိုများပြားလာသည်ကို တွေ့ရသည်။

စုံစမ်းစစ်ဆေးသည့် ဆိုင်းငံ့အမှုကိုးမှုအနက်၊ တစ်မှုမှလွဲ ပြီးကျန်အမှုရှစ်မှုမှာ သတ်ဖြတ်မှုဖြစ်သည်ဟု ဆေးစစ်ချက်အရ သိရသည်ဆို၏။

ကျန်တစ်မှုမှာ သဘာဝအလျောက် သေဆုံးသွားရခြင်းဖြစ်သည်ဟု ယူဆရသည် ဆို၏။ အဆိုပါ ကိုးမှုတွင် အမှုခြောက်မှုမှာ အီရတ်တွင် ကျူးလွန်ခြင်း ဖြစ်ပြီးအမှုသုံးမှုမှာ အာဖဂန်နစ္စတန်တွင် ကျူးလွန်ခြင်းဖြစ်သည်။

လူသတ်မှုဟု သင်္ကာမကင်းသည့် အမှုကိုးမှု အပါအဝင် အီရတ်နှင့် အာဖဂန်နစ္စတန်တွင် သေဆုံးသည့် အကျဉ်းသားများ၏ သေဆုံးမှု လက်မှတ် ၂၃ ခုကို အမေရိကန် စစ်ဌာနချုပ်က ထုတ်ပေးခဲ့သည်။

အင်တာနက်။

လန်ဒန်တွင် လူထုချီတက်ဆန္ဒပြပွဲ ပြုလုပ်

ကန်နှင့် ဗြိတိသျှတပ်ဖွဲ့ဝင်များ အီရတ်မှ ပြန်လည်ရုပ်သိမ်းရန် တောင်းဆို

နိုင်ငံတကာ သတင်းများ

လန်ဒန် မေ ၂၄

အီရတ်စစ်ပွဲ ဆန့်ကျင်ဆန္ဒပြသူ ရာချီ၍ လန်ဒန်မြို့တော်တစ်လျှောက် ချီတက်လာကြပြီး အမေရိကန်နှင့် ဗြိတိသျှတပ်သားများ အီရတ်နိုင်ငံမှ ရုပ်သိမ်းရေးကို တောင်းဆိုကြပြီး အီရတ်အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှုအပေါ် တုန်လှုပ်ချောက်ချားမိကြောင်း ထုတ်ဖော်ပြောကြားကြသည်။

ချီတက်ဆန္ဒပြသူများသည် အမေရိကန် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ဝတ်စုံအတိုင်း ဝတ်ဆင်ထားကြပြီး ချီတက်ကြကာ ခေါင်းစွပ်အနက် ဆောင်းထားသည့် အခြားဆန္ဒပြသူများအား နှိပ်စက်ညှဉ်းပန်းသည့်ဟန် အတိုင်း ဆန္ဒပြကြသည်။

၎င်းတို့က အီရတ်နိုင်ငံနှင့် ပါလက်စတိုင်းဒေသ လွတ်မြောက်ရေးနှင့် အမေရိကန်နှင့် ဗြိတိသျှခေါင်းဆောင်များ ရာထူးမှ နုတ်ထွက်ပေးရန် တောင်းဆိုကြသည်။

လန်ဒန်မြို့တော်ဝန် ကင်းလစ်ဗင်းစတုန်းက လူထုချီတက်ဆန္ဒပြပွဲတွင် မိန့်ခွန်းပြောကြားပြီး အမေရိကန် သမ္မတဘုရှ် အနေဖြင့် ဘူးပေါ်သလို ပေါ်လာသည့် စစ်ရာဇဝတ်မှုများကို စစ်ဆေးရန် တိုက်တွန်းနှိုးဆော်ထားသည်။

တပ်ဖွဲ့ရုပ်သိမ်းရေး

ယင်းကြောက်မက်ဖွယ်ရာ ကောင်းသည့် ဖြစ်ရပ်များ အဆုံးသတ်ရေး နည်းလမ်းမှာ အီရတ်နိုင်ငံမှ မိမိတို့တပ်ဖွဲ့ဝင်များ အမြန်ရုပ်သိမ်းရေးမှ တစ်ပါး အခြားမရှိပြီဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဆန့်ကျင်ဆန္ဒပြ

မိမိတို့အနေဖြင့် အီရတ်နိုင်ငံမှ တုန်လှုပ်ချောက်ချားဖွယ် ကောင်းသည့် နှိပ်စက်မှုများကို ဆန့်ကျင်ဆန္ဒပြနေခြင်းဖြစ်ကြောင်း၊ တရားမဝင်သည့် ကျူးကျော်ရေးတပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးအတွက် တောင်းဆိုပါကြောင်းဖြင့် ချုကလီးယားလက်နက် ဖျက်သိမ်းရေး လှုပ်ရှားမှုအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ကိတ်ဟတ်ဆန်က ပြောကြားသည်။

ထုတ်ဖော်ပြောကြား

အခြား ဆန္ဒပြလူထုအစည်းအဝေး တစ်ရပ်ကိုလည်း ဒေါင်းနင်းလမ်း အပြင်ဘက်တွင် စနေနေ့က ကျင်းပပြီး ပါလက်စတိုင်းလူမျိုးများ၏ လူ့အခွင့်အရေးဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုများကို အလေးထား၍ ထုတ်ဖော်ပြောကြားကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်အကျဉ်းသားများ နှိပ်စက်ညှဉ်းပန်းခံရမှုကို ကန့်ကွက်သည့်အနေဖြင့် မြို့တော်ဘဂ္ဂဒက်ရှိ အမေရိကန်တပ်ဖွဲ့ဌာနချုပ်ရှေ့တွင် မေ ၁၉ ရက်က ဆန္ဒပြနေကြစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်နိုင်ငံ ကာဘာလာမြို့မှ

ကန်နှင့် ဆာဒါ၏ တပ်ဖွဲ့များ ထွက်ခွာကြပြီ

ဘဂ္ဂဒက် မေ ၂၃

အီရတ်နိုင်ငံတောင်ပိုင်းရှိ ဘာသာရေးအထွတ်အမြတ်ထားရာကာဘာလာမြို့တွင် သီတင်းပတ်များစွာ ပြင်းပြင်းထန်ထန် တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီးနောက် အမေရိကန်တပ်ဖွဲ့များနှင့် အီရတ်ခုခံရေးသမားများသည် မေလ ၂၂ ရက်မှစတင်၍ ထိုနေရာမှ ဆုတ်ခွာခဲ့ကြပြီးဖြစ်ကြောင်း သတင်းများ ထွက်ပေါ်လာသည်။ ထိုမြို့တွင် စစ်၏ ဒဏ်ရာဒဏ်ချက်များဖြစ်သော ပြိုပျက်နေသည့် အဆောက်အအုံများနှင့် မီးလောင်နေသော ယာဉ်များကို တွေ့ကြရသည်။

ရှီးယိုက်ခေါင်းဆောင် မိုတာဒါး ဆာဒါ၏ တပ်ဖွဲ့များမှာ ကာဘာလာမြို့ရှိ ဘာသာရေး အလေးအမြတ်ထားရာ နေရာများမှ ထွက်ခွာပေးမည်ဖြစ်ကြောင်း၊ အမေရိကန်များကလည်း အလားတူ လုပ်ဆောင်လိမ့်မည်ဟု ယူဆကြောင်း ခုခံရေးသမားများဘက်မှ အရာရှိများက ဆိုကြသည်။

အဆိုပါကိစ္စနှင့် ပတ်သက်သည့် အမေရိကန်၏သဘောထားကို မိမိတို့စောင့်ဆိုင်းနေကြပြီး ညနေပိုင်းတွင် ဆုံးဖြတ်ချက်ချနိုင်လိမ့်မည်ဖြစ်ကြောင်း ဆာဒါ၏ ထိပ်တန်းအရာရှိ အလီအယ်လ်ခါဇာလီက ပြောကြားသည်။

နောက်ပိုင်းတွင် ရွှေချထားသော ဗလီအမိုးခုံးကြီးရှိရာ မြို့လယ်ပိုင်း ဗလီနေရာများမှ အမေရိကန်တပ်ဖွဲ့များ ဆုတ်ခွာနေကြသည်ကို တွေ့မြင်ကြရကြောင်းသိရသည်။

ဧပြီလစောစောပိုင်းမှစ၍ ဆာဒါ၏ မာဒီတပ်ဖွဲ့ခေါ် ခုခံရေးသမားများသည် အမေရိကန်တပ်ဖွဲ့ဝင်များကို အီရတ်တောင်ပိုင်း မြို့အများအပြားတွင် အပြင်းအထန် တိုက်ခိုက်ခဲ့ကြသည်။ ထိုတိုက်ခိုက်မှုများကြောင့် လူရာနှင့်ချီ၍ သေဆုံးခဲ့ကြရသည်။

ကာဘာလာမြို့မှာ ငြိမ်သက်သွားသည့် အချိန်မှာပင် ကူဖာမြို့မှ အမှတ်(၂) အမေရိကန်ယန္တရားတပ်ဖွဲ့မှာလည်း အနည်းဆုံး တင့်ကား ၂၀ နှင့် စစ်သား၂၀၀ တို့ ပြန်လည်ထွက်ခွာလာကြသည်။ ကူဖာမြို့သည် ဘဂ္ဂဒက်တောင်ဘက် မိုင် ၁၀၀ ခန့်အကွာတွင် တည်ရှိပြီး အထွတ်အမြတ်ထားသော ဗလီကျောင်း တစ်ကျောင်းလည်း တည်ရှိသည်။ ဆာဒါမှာ ထိုမြို့အနီးရှိ နာဂျက်ဖ်မြို့၌ နေထိုင်နေသည်ဟု ယူဆထားကြသည်။

တိုက်ပွဲများ ဖြစ်ပွားနေသော သီတင်းပတ်များအတွင်း အမေရိကန်တပ်ဖွဲ့ဝင်များသည် ကူဖာမြို့အတွင်း တင့်ကားများ အသုံးပြုပြီး ဝင်ရောက်သွားကြကာ ခုခံရေးသမားများကို ပစ်ခတ်တိုက်ခိုက်သည်ကို တွေ့ရကြောင်း စီအင်န်အင်န် သတင်းထောက်က သတင်းပေးပို့ခဲ့သည်။ ၎င်းသည် အမေရိကန်တပ်ဖွဲ့များနှင့် အတူ လိုက်ပါသွားခဲ့သူဖြစ်သည်။

ထိုမြို့တွင် အမေရိကန်တပ်ဖွဲ့များက လောင်ချာဗုံးသီးများ၊ ကလာရှိကော့ဗ် ချေမှုန်းရေး ရိုင်ဖယ်သေနတ်များနှင့် စိန်ပြောင်းအများအပြားကို တွေ့ရှိခဲ့ကြကြောင်း သိရသည်။

အစပိုင်းတွင် အမေရိကန်အရာရှိများက တပ်ဖွဲ့များ ဆုတ်ခွာခြင်း မရှိကြောင်း ငြင်းဆိုခဲ့ကြသည်။

အင်တာနက်။

မေ ၁၉ ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် အမေရိကန် ဆန့်ကျင်ရေး ဆန္ဒပြနေကြစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

သမ္မတဘုရှ်အစိုးရ၏ အီရတ်အရေး ဆောင်ရွက်ချက်

သမ္မတဟောင်း ဘီလ်ကလင်တန် ပြစ်တင်ဝေဖန်

ဝါရှင်တန် မေ ၂၃

အီရတ်နိုင်ငံတွင် အမေရိကန်နိုင်ငံက မဟုတ်ဘဲ ကုလသမဂ္ဂအဖွဲ့က ဒီမိုကရေစီကို ဖော်ဆောင်သင့်ကြောင်း၊ ထို့ပြင် အမေရိကန်သမ္မတဘုရှ်အနေဖြင့် ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးမှူးများအား အီရတ်မှ ထွက်ခိုင်းပြီး ကုလသမဂ္ဂ၏ ထောက်ခံမှုမရှိဘဲ အီရတ်ကို စစ်ဆင်တိုက်ခိုက်ခြင်းမှာ အမှားကို ကျူးလွန်ခြင်းဖြစ်ကြောင်းဖြင့် အမေရိကန်သမ္မတဟောင်း ဘီလ်ကလင်တန်က တနင်္ဂနွေနေ့တွင် ပြောကြားလိုက်သည်။

ဘရာဇီးနိုင်ငံ၌ အမေရိကန် သမ္မတဟောင်းဘီလ်ကလင်တန်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်ပြီး မိမိတို့နိုင်ငံ၏ ရည်ရွယ်ရင်းကို သံသယရှိသူ အများအပြားရှိကြောင်း ထည့်သွင်းပြောကြားလိုက်သည်။

အီရတ်နိုင်ငံအား ဒီမိုကရေစီ ထွန်းကားစေရန် အကောင်းဆုံး နည်းလမ်းမှာကုလသမဂ္ဂ၏ ဦးဆောင်မှုကဏ္ဍဖြင့် ဘက်စုံပိုင်းဝန်း အကောင်အထည်ဖော်ရန်ပင်ဖြစ်ကြောင်း၊ သမ္မတဘုရှ်အစိုးရအနေဖြင့်အီရတ်ခေါင်းဆောင် ဆက်ဒမ်ဟူစိန် သိုဝှက်သိမ်းဆည်းထားသည်ဆိုသည့် လူအစုအပြုံလိုက်သေစေနိုင်သည့် လက်နက်များ ရှိ၊မရှိ အပြီးသတ် အဆုံးအဖြတ်ကို ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးမှူးများ ပြောခွင့်ပေးသင့်ကြောင်း ကလင်တန်က ပြောကြားသည်။

အီရတ်ပြည်သူတို့ သူတို့စိတ်ကြိုက် ရွေးချယ်ကြပါစေ၊ ဒီမိုကရေစီကို အတင်းအဓမ္မ မသွတ်သွင်းသင့်ကြောင်း မစ္စတာ ကလင်တန်က ပြောဆိုသည်။

အင်တာနက်။

အီရတ်မှ ရုပ်သိမ်းသည့် စပိန်တပ်ဖွဲ့ဝင်များ ဌာနေပြန်ရောက်

မဒရစ် မေ ၂၄

အီရတ်နိုင်ငံမှ ပြန်လည်ထွက်ခွာလာသည့် ရာနှင့်ချီသော စပိန်တပ်ဖွဲ့ဝင်များသည် မဒရစ်သို့ တနင်္လာနေ့က ရောက်ရှိလာကြောင်း စပိန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ စပိန်တပ်ဖွဲ့ဝင် ၂၃၄ ဦးသည် ကူဝိတ်နိုင်ငံမှတစ်ဆင့် လေယာဉ်ဖြင့် စပိန်နိုင်ငံအရှေ့တောင်ပိုင်း အယ်မီရီယာမြို့သို့ တနင်္ဂနွေနေ့ စောစောပိုင်းက ရောက်ရှိခဲ့ပြီး စပိန်တပ်ဖွဲ့ဝင် ၂၄၀ ဦး လိုက်ပါမည့် အခြားလေယာဉ်တစ်စင်းသည် တနင်္ဂနွေနေ့ညပိုင်း၌ အဆိုပါမြို့သို့ပင် ရောက်ရှိမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ကြိုဆိုနှုတ်ဆက်မည်

နောက်ဆုံးအသုတ် စပိန်တပ်ဖွဲ့ဝင် ၂၁၇ ဦးအား တနင်္လာနေ့တွင် မဒရစ်မြို့ပြင် လေတပ်အခြေစိုက်စခန်းတစ်ခု၌ စပိန်ကာကွယ်ရေးဝန်ကြီး ဟိုဆေးဘိုနိုက ကြိုဆိုနှုတ်ဆက်မည်ဖြစ်သည်။ စပိန်တပ်ဖွဲ့ဝင်အားလုံးသည် အီရတ်မှ ထွက်ခွာလာပြီး နယ်စပ်ကိုဖြတ်ကျော်ကာ ကူဝိတ်နိုင်ငံတွင်းသို့ ဝင်ရောက်လာခဲ့ကြောင်း ဘိုနိုက သောကြာနေ့တွင် ကြေညာခဲ့သည်။

အထောက်အကူပြု

စပိန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးကို ညှိနှိုင်းရန် ကူဝိတ်နိုင်ငံသို့ စေလွှတ်ခဲ့သည့် စပိန်စစ်မှုထမ်း ၁၅၀ သည် စပိန်သို့ ပစ္စည်းကိရိယာများအား သင်္ဘောဖြင့် ပြန်လည်တင်ပို့ရာ အထောက်အကူပြုနိုင်ရေးအတွက် ကူဝိတ်တွင် ဆက်လက်ရှိနေသည်ဟု ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ချာလာဘီ၏နေအိမ် ဝင်ရောက်စီးနင်းရှာဖွေမှု လျော်ကြေးပေးရန်နှင့် စုံစမ်းစစ်ဆေးပေးရန် တောင်းဆို

ဘဂ္ဂဒက် မေ ၂၄

အီရတ်အုပ်ချုပ်ရေးကောင်စီဝင် အာမက်ချာလာဘီ၏ နေအိမ်အား လွန်ခဲ့သည့် ရက်သတ္တပတ်က ဝင်ရောက်စီးနင်းရှာဖွေမှုကို ၎င်း၏ဘက်မှ ရှေ့နေများက ရှုတ်ချလိုက်ပြီး လျော်ကြေးပေးရန်နှင့် ယင်းကိစ္စကို စုံစမ်းစစ်ဆေးရန် အီရတ်ရှိ အမေရိကန် အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာထံ စာတစ်စောင်ရေးသားပေးပို့ တောင်းခံလိုက်သည်။

စွပ်စွဲရေးသား

ချာလာဘီ၏လက်ထောက်တစ်ဦးက ရိုက်တာသတင်းဌာနသို့ စာမျက်နှာ သုံးမျက်နှာပါ စာတစ်စောင်ကို အီလက်ထရွန်းနစ် စာပို့စနစ်ဖြင့် တနင်္ဂနွေနေ့က ပေးပို့ခဲ့ခြင်းဖြစ်သည်။ အဆိုပါစာတွင် ရှေ့နေများက အီရတ်ရဲတပ်ဖွဲ့ဝင်များနှင့် အမေရိကန် တပ်ဖွဲ့ဝင်များ ရှာဖွေစဉ်အတွင်း ဖျက်ဆီးရေးနှင့် လုယက်မှုများ ပြုလုပ်ခဲ့ကြောင်း စွပ်စွဲရေးသားထားသည်။

ယင်းကဲ့သို့ရိုင်းစိုင်းသည့် လုပ်ရပ်သည် ဥပဒေမဲ့ ပြုလုပ်ခြင်းဖြစ်ပြီး ယင်းသို့လုပ်ပိုင်ခွင့် မရှိကြောင်း ရှေ့နေများကအဆိုပါစာတွင် ရေးသားထားသည်။ ယင်းစီးနင်းရှာဖွေမှုကို အမေရိကန်တိုင်းစစ်ဌာနချုပ်မှ တပ်ဖွဲ့ဝင်များနှင့် ဖက်ဒရယ် စုံစမ်းစစ်ဆေးရေးအဖွဲ့ (အက်ဖ်ဘီအိုင်)နှင့် ဗဟို ထောက်လှမ်းရေး အေဂျင်စီ (စီအိုင်အေ)မှ လူအများနှင့် ပူးပေါင်းပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

ချာလာဘီ၏နေအိမ်နှင့် ရုံးခန်းမှ ယူသွားသမျှ ဥစ္စာပစ္စည်းများကို အမြန်ဆုံး ပြန်လည်ပေးအပ်ရန်၊ ပျက်စီးသမျှကို တန်ဖိုးဖြတ်ပြီး နစ်နာမှုအတွက် လျော်ကြေးတင်ရန် ငွေတောင်းခံလွှာတင်ပြရမည်ဖြစ်ကြောင်း ချာလာဘီ၏ကိုယ်စား အဆိုပါ ရှေ့နေများက တောင်းဆိုထားသည်။

ယခု ချာလာဘီနေအိမ်အား စီးနင်းရှာဖွေမှုကို စစ်တိုင်းဌာနချုပ်အောက်မှ ဆောင်ရွက်ခဲ့ပြီး ယင်းကဲ့သို့သော နိုင်ထက်စီးနင်းပြုမှုနှင့် ဥပဒေမဲ့ ဆောင်ရွက်မှုကို အနာဂတ်ကာလတွင် ရှောင်ရှားနိုင်ရန် မိမိတို့ တိုက်တွန်းပါကြောင်း၊ ယင်းလုပ်ရပ်များသည် မိမိတို့၏အမှုသည်၏ ရပိုင်ခွင့်များကို ပြတ်ပြတ်သားသား ချိုးဖောက်ခြင်း ဖြစ်ကြောင်း ရှေ့နေများ၏ စာတွင် ပါရှိသည်။

ယင်းရာဇဝတ်မှုဆိုင်ရာ အမှားကို ကျူးလွန်ဖောက်ဖျက်သည့် ပုဂ္ဂိုလ်များ၏လုပ်ရပ်အား စုံစမ်းစစ်ဆေးရန်အတွက် ယင်းဖြစ်ရပ်ကို အမေရိကန် အာဏာပိုင်များထံသို့ တင်ပြပေးရန်လည်း အဆိုပါစာတွင် တိုက်တွန်းထားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***



မေ ၂၂ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် အမေရိကန် တပ်ဖွဲ့အတွက် ထောက်ပံ့ရေးပစ္စည်းများ သယ်ဆောင်လာသော ထရပ်ကားတစ်စီး တိုက်ခိုက်ခံရမှုကြောင့် မီးလောင်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နာဂျက်ဖ်နှင့် ကူဖာမြို့တို့တွင် ရှီးယိုက်ခုခံရေးသမားများနှင့် ကန်တပ်ဖွဲ့ဝင်များတိုက်ပွဲဖြစ်ပွား သွေးတစ်စက်ကျန်သည်အထိ ခုခံတွန်းလှန်သွားမည်ဟု တိုက်ခိုက်ရေးသမားများ ကြုံးဝါး

ဘဂ္ဂဒက် မေ ၂၃

အီရတ်၏ ဘာသာရေးအလေးအမြတ်ထားရာ နာဂျက်ဖ်မြို့နှင့် ကူဖာမြို့များတွင် စနေနေ့ညက အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့များနှင့် ရှီးယိုက်ခုခံရေးသမားများအကြား အပြင်းအထန်တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည်။ ထိုတိုက်ခိုက်မှုများကြောင့် ခေါင်းဆောင်ဆာဒါ၏ သစ္စာခံတပ်ဖွဲ့ဝင် ၃၂ဦးတို့ အသက်ဆုံးရှုံးခဲ့ရသည်။

အမေရိကန်တပ်ဖွဲ့ဝင်နှင့် တင့်ကားများမြို့အတွင်း ဝင်ရောက်ခြင်းမပြုမီ အမေရိကန်တို့သည် လေကြောင်းမှလည်းကောင်း၊ အမြောက်ကြီးများဖြင့်လည်းကောင်း အကြီးအကျယ် ပစ်ခတ်ခဲ့ကြသည်ဟု ဒေသခံများက ပြောကြားကြသည်။

နာဂျက်ဖ်မြို့၌မူ ရှေးဟောင်းသင်္ချိုင်းမြေအတွင်းသို့ အကြီးအကျယ်ပစ်ခွင်းချေမှုန်းမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ အဆိုပါ ပစ်ခတ်မှုများကြောင့် အီရတ် ၁၄ဦး သေဆုံးသွားကြောင်း ထိုမြို့ရှိဆေးရုံမှ တာဝန်ရှိသူများကဆိုသည်။

ခုခံတွန်းလှန်

ယင်းလုပ်ရပ်သည် မိမိတို့၏ အထွတ်အမြတ်ထားရာနယ်မြေကို ကျူးကျော်ချိုးဖောက်ဝင်ရောက် စော်ကားခြင်းပင်ဖြစ်သည်။ ဝတ်ပြုဆုတောင်းရာ အဆောက်အအုံများသည် ရှီးယိုက်များအတွက် အလေးအမြတ်တန်ဖိုးထားရာ နေရာများဖြစ်သည်။ မိမိအနေဖြင့် ခန္ဓာအတွင်း၌ သွေးတစ်စက်ကျန်နေသေးသည် အထိ ခုခံတွန်းလှန်သွားမည်ဟု ရှီးယိုက်တိုက်ခိုက်ရေးသမားများက ဆိုသည်။

ပြီးခဲ့သော စနေနေ့တွင် မူတာဒါဆာဒါ၏တပ်ဖွဲ့များက အမေရိကန်များအနေဖြင့် နာဂျက်ဖ်နှင့် ကာဘာလာမြို့များမှ ဆုတ်ခွာပေးလျှင် မိမိတို့ကလည်း ထိုမြို့များမှ ထွက်ခွာပေးမည်ဖြစ်ကြောင်း ကမ်းလှမ်းခဲ့သည်။ ယခုအခါ ဆာဒါ၏ သစ္စာခံ ခုခံရေးသမား အများအပြားမှာ မြို့တွင်းမှ ထွက်ခွာသွားကြပြီဖြစ်၍ မြို့မှာ ငြိမ်သက်လျက်ရှိကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။

တွေ့မြင်ကြရ

ကူဖာမြို့ရှိ ဘာသာရေးအဆောက်အအုံတစ်ခု၏ ကြမ်းပြင်ပေါ်တွင် အမေရိကန်တင့်ကားများ၏ ချိန်းကြိုးရာကြီးများ၊ သွေးကွက်များနှင့် အပျက်အစီးများကို တွေ့မြင်ကြရကြောင်းသိရသည်။ အဆိုပါ အဆောက်အအုံအတွင်း၌ လောင်ချာဗုံးသီး ၁၂လုံးနှင့် စိန်ပြောင်းဗုံးသီး ၂၀၀ကျော်တို့ကို တွေ့ခဲ့ရသည်ဟု အမေရိကန်စစ်ဘက်ဆိုသည်။

တနင်္ဂနွေနေ့ဒေသစံတော်ချိန် နံနက် ၁နာရီက ပြုလုပ်ခဲ့သောထိုးစစ်တွင် အမေရိကန်များသည် လေကြောင်းနှင့် တင့်ကားများအကူအညီယူ၍ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောပြကြသည်။

ဒေါသထွက်

အမေရိကန် တင့်ကားများသည် အဆောက်အအုံမုခ်ဦးကို နင်းချေ၍ ဝင်ရောက်နေကြချိန်တွင် ရဟတ်ယာဉ်များကလည်း ကောင်းကင်ထက်မှ ပျံဝဲလိုက်ပါလာကြသည်။ ထိုလုပ်ရပ်ကြောင့် မြို့ခံအများအပြားမှာ မခံမရပ်နိုင်ဘဲဒေါသထွက်လျက်ရှိကြကြောင်း ဟူစိန်ရာဆာက အေအက်ဖ်ပီသတင်းဌာနကို ပြောပြသည်။ ၎င်းသည် နံနက်ပိုင်းတွင် လူ ၁၀၀ခန့်နှင့်အတူ ယခုလုပ်ရပ်ကို ဆန့်ကျင်ကြောင်း ဆန္ဒပြရန် စုရုံးရောက်ရှိလာသူ တစ်ဦးဖြစ်သည်။

ကူဖာမြို့ရှိ တစ်မိုင်ခန့်အကွာအဝေးရှိ ဘာသာရေးအဆောက်အအုံတွင် သောကြာနေ့တိုင်း ရှီးယိုက်ခေါင်းဆောင် ဆာဒါက မှန်မှန်လာရောက်ပြီး တရားဟောလေ့ရှိသည်။

အမေရိကန်တို့သည် နာဂျက်ဖ်မြို့ရှိ သင်္ချိုင်းနယ်မြေအတွင်းသို့လည်း ညလုံးပေါက်လေကြောင်းမှ တိုက်ခိုက်ခဲ့ကြသည်။ ထိုသင်္ချိုင်းနယ်မြေအတွင်း အီရတ်ခုခံရေးသမားအများအပြားနေရာယူထားကြသည်ဟု ဆိုသည်။

ငြိမ်သက်

ယခုပစ်ခတ်မှုများကြောင့် သေဆုံးကြသူများအထဲတွင် အရပ်သူအရပ်သား အများအပြားနှင့် အီရတ်ရဲများလည်းပါဝင်ကြောင်းသိရသည်။ ကာဘာလာမြို့၏ အခြေအနေမှာ နာဂျက်ဖ်မြို့နှင့်မတူပေ။ ထိုမြို့မှ ဆာဒါ၏ သစ္စာခံတပ်ဖွဲ့များ စတင်ထွက်ခွာနေကြပြီဖြစ်၍ မြို့မှာ ငြိမ်သက်လျက်ရှိသည်။

အီရတ်လူမျိုးစုအကြီးအကဲများနှင့် ခေါင်းဆောင်များ၏ ဖျောင်းဖျမှုကြောင့် ဆာဒါ၏ မာဒီတပ်ကလက်နက်စွန့်ပြီး အပစ်အခတ်ရပ်စဲမှုပြုလုပ်ရန် ဆွေးနွေးနေကြသည်ဟု ဆိုသည်။ အမေရိကန်ဗိုလ်မှူးချုပ် ကင်းမစ်ကမူ အပစ်အခတ်ရပ်စဲရေးလုပ်သည်ဆိုသော သတင်းမမှန်ပါဟု ပြောကြားသည်။ ***အင်တာနက်။***

အီရတ်လွတ်မြောက်ရေးတပ်ဦး အာရပ်အဖွဲ့ချုပ်ကိုမေတ္တာရပ်ခံ

ဒူဘိုင်း မေ ၂၄

အမေရိကန်ဦးဆောင်သည့်တပ်များအား တိုက်ခိုက်နေသည့် အီရတ်အုပ်စုတစ်စုက ၎င်းတို့အား အီရတ်ပြည်သူများ၏ တရားဝင်ကိုယ်စားလှယ်အဖြစ် အာရပ်အဖွဲ့ချုပ်က အသိအမှတ်ပြုပြီး တူနစ်၌ ကျင်းပမည့် အာရပ်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခွင့်ပြုရန် မေတ္တာရပ်ခံလိုက်သည်။

အဆိုပါ အီရတ်အုပ်စုမှာ အီရတ်လွတ်မြောက်ရေး အမျိုးသားတပ်ဦး (အင်အက်ဖ်အယ်အိုင်)ဖြစ်ပြီး အမေရိကန်ခန့်အပ်သည့် အီရတ်အုပ်ချုပ်ရေးကောင်စီအနေဖြင့် အီရတ်ပြည်သူများအား ကိုယ်စားပြောခွင့် မရှိကြောင်း၊ အီရတ်လွတ်လပ်ရေးအမြန်ရရေးအတွက် သိမ်းပိုက်ထားသော နိုင်ငံခြားတပ်များအား မိမိတို့အဖွဲ့က တိုက်ခိုက်ခြင်းကို အာရပ်အဖွဲ့ချုပ်က အားပေးထောက်ခံရန်လည်း တိုက်တွန်းပြောကြားလိုက်သည်။

မိမိတို့အဖွဲ့သည် အီရတ်နိုင်ငံ၏ လွတ်လပ်မှု၊ အမှီခိုကင်းမှုနှင့် အချုပ်အခြာအာဏာ ပြန်လည်ရရှိရေးကို တိုက်ပွဲဝင်လျက်ရှိသည့်အတွက် အီရတ်ပြည်သူတို့၏ တရားဝင်ကိုယ်စားလှယ်အဖွဲ့ ဖြစ်ကြောင်း၊ ထို့ကြောင့် အီရတ်နိုင်ငံ၏နေရာမှာ မိမိတို့၏ အက်ဖ်အယ်အိုင်၏ ကိုယ်စားလှယ်သာလျှင် ပိုင်ဆိုင်ကြောင်းဖြင့် အင်အက်ဖ်အယ်အိုင်၏ ကြေညာချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ။

မေ ၂၀ ရက်က အီရတ်နိုင်ငံ မိုဂရယ်ဒီးဒေသတွင် အမေရိကန် တပ်ဖွဲ့၏ လေကြောင်းမှ ပစ်ခတ်မှုကြောင့် ပျက်စီးနေသော အီရတ် အဆောက်အအုံများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်အရေးတွင် ကမ္ဘာကြီးကို ဘုရှ်လိမ်လည်လှည့်ဖြား ဇင်ဘာဘွေသမ္မတ မူဂါဘီ ဝေဖန်ပြောကြား

လန်ဒန် မေ ၂၄

ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲသည် စိတ်ရူးပေါက်သလိုလျှောက်လုပ်နေပြီး ကမ္ဘာကြီးကို ဝရုန်းသုန်းကား အခြေအနေရောက်အောင် တွန်းပို့နေကြောင်း ဇင်ဘာဘွေသမ္မတ မူဂါဘီက စွပ်စွဲပြီး ဝန်ကြီးချုပ်တိုနီဘလဲနှင့် အခြားသောကမ္ဘာ့ခေါင်းဆောင်များက တနင်္လာနေ့က ပြင်းထန်စွာ ဝေဖန်ပြောကြားလိုက်သည်။ စကိုင်းနယူးစ်ရုပ်မြင်သံကြားနှင့် တွေ့ဆုံမေးမြန်းခန်းတွင် သမ္မတမူဂါဘီက အထက်ပါအတိုင်း ဝေဖန်ပြောကြားလိုက်ခြင်းဖြစ်သည်။

ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲသည် သူ့ကိုယ်သူ အာဂလူဟုယူဆပြီး အခြားသူများကို အထင်သေးကြောင်း၊ အမေရိကန်သမ္မတဘုရှ်မှာလည်း အီရတ်အရေးနှင့်စပ်လျဉ်း၍ ကမ္ဘာကြီးကို လိမ်လည်လှည့်ဖျားနေကြောင်း၊ သူတို့နှစ်ဦးသည် အီရတ်ကို တိုက်ခိုက်ရန် ဆုံးဖြတ်ခြင်းဖြင့် အမှားလုပ်မိသည်ကို သူတို့သိကြကြောင်း၊ အစုအပြုံလိုက်သေစေနိုင်သည့် လက်နက်များရှိသည်ဟုစွပ်စွဲကာ ကမ္ဘာကိုလိမ်ညာခဲ့ကြောင်း သမ္မတမူဂါဘီက ပြောကြားသည်။

ဗြိတိန်ဝန်ကြီးချုပ်တိုနီဘလဲသည် ဇင်ဘာဘွေနိုင်ငံကို လက်အောက်ခံနိုင်ငံအဖြစ် ဆက်ဆံလျက်ပင်ရှိပြီး ထိန်းချုပ်ရန် ကြိုးပမ်းလျက်ရှိကြောင်းဖြင့် သမ္မတမူဂါဘီက ထည့်သွင်းပြောကြားလိုက်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ခမ္မရောင်ခြည် သဲအင်းဂူခုနစ်ရက်အဓိဋ္ဌာန်စခန်းပွဲ

ရန်ကုန် မေ ၂၅

တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် (၄)ဝိုင်း ဓမ္မရောင်ခြည် သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းတွင် အရှင်ပဏ္ဍဝံ (မိဂလုံ)သည် နိဗ္ဗာန်ရောက် ခန္ဓာကိုယ်တွေ့ ဝိပဿနာတရားစခန်းပွဲကို မေ ၂၇ ရက်မှ ဇွန် ၂ ရက် (နယုန်လပြည့်နေ့)အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများအား အကျိုးဆောင်အဖွဲ့က အာဟာရဒါနလှူဒါန်းမည်ဖြစ်ပြီး အာဟာရလှူဒါန်းလိုသူများ ဓမ္မရောင်ခြည်သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပြူးခြံချေတာ၊ ထိန်းပါလေလွှင့်၊ ထုတ်ကုန်မြှင့်

ကျွန်တော်တို့ ချစ်သော မြန်မာပြည်

ဒေါက်တာလွင်ကို

မျက်မှောက်ကာလတွင် ၁၉၈၈ ခုနှစ်မှစ၍ သမိုင်းပေးတာဝန်အရ တပ်မတော်က နိုင်ငံတော်တာဝန်ကို ယူခဲ့ရကာ ပြည်ထောင်စုကြီး မပြိုကွဲအောင် ထိန်းသိမ်းစောင့်ရှောက်ပေးလျက်ရှိသည်မှာ ယနေ့ထက်တိုင်ပင် ဖြစ်ပါသည်။ တပ်မတော်က ဦးဆောင်၍ နိုင်ငံတော်ကို ဘက်စုံထောင့်စုံမှ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသဖြင့် အသွင်အမြင်အားဖြင့် စစ်အစိုးရဟု ပြောလိုက ပြောနိုင်ပေသည်။ သို့သော် နေ့မထွက်ရ၊ ညမထွက်ရကဲ့သို့သော စစ်မိန့်များမရှိခြင်း၊ တရားစီရင်ရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာများကို နယ်ဘက်တရားစီရင်ရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာ နယ်ဘက်ပညာရှင်များနှင့် ဝန်ထမ်းများအား မှန်ကန်မြန်ဆန်စွာ လုပ်ဆောင်စေခြင်းနှင့် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ကိစ္စရပ်အားလုံးကို လမ်းမှန်သို့ ဦးတည်ပေးခြင်း၊ လိုအပ်သည်များကို ဖြည့်ဆည်းပေးခြင်း၊ ဌာနအချင်းချင်း ပေါင်းစပ်ညှိနှိုင်းပေးခြင်းတို့ဖြင့် နယ်ဘက်လုပ်ထုံးလုပ်နည်းများနှင့်အညီ နယ်ဘက်ဝန်ထမ်းများကို တာဝန်ထမ်းဆောင်စေလျက်ရှိခြင်းကြောင့် အနှစ်သာရအားဖြင့် အရပ်သားအစိုးရကဲ့သို့ပင် ဖြစ်နေပါသည်။

တိုင်းရင်းသားပြည်သူတို့၏ မျှော်မှန်းချက်ကို ဘက်စုံထောင့်စုံမှ ဆောင်ရွက်ပေးလျက်ရှိသည်ကို တစိမ့်စိမ့်တွေးပါက တငြိမ့်ငြိမ့်ပေါ်လာမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံကို ဗြိတိသျှတို့က ကျူးကျော်စစ် သုံးကြိမ်ပြု၍ သိမ်းပိုက်ခဲ့သဖြင့် လွတ်လပ်ရေးဆုံးရှုံးခဲ့ရသော်လည်း သူ့ကျွန်မခံလိုသည့် မြန်မာတို့၏ ပြင်းပြသည့် ဆန္ဒနှင့် စည်းလုံးညီညွတ်မှု အင်အားကြောင့် ၁၉၄၈ ခုနှစ်တွင် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့်နိုင်ငံအဖြစ် ရပ်တည်လာခဲ့သော်လည်း နယ်ချဲ့ပယောဂနှင့် ဂိုဏ်းဂဏဝါဒစွဲများကြောင့် လွတ်လပ်ရေးအတွက် အတူတူလက်တွဲခဲ့ကြသော ရဲဘော်ရဲဘက်အချင်းချင်း စိတ်ဝမ်းကွဲခဲ့ကြသည်။ ၎င်းမှတစ်ဆင့် တိုင်းရင်းသားညီအစ်ကို အချင်းချင်း စိတ်ဝမ်းကွဲကာ လက်နက်ကိုင်ပဋိပက္ခအထိဖြစ်ပွားပြီး ငြိမ်းချမ်းမှုနှင့် စည်းလုံးညီညွတ်မှုအား လျော့ကျခဲ့ပါသည်။ ထို့ကြောင့် ပြည်သူတို့ဘဝ နိမ့်ကျခဲ့ရသဖြင့် အေးချမ်းတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူတို့ မျှော်မှန်း တောင့်တခဲ့ကြပါသည်။ ဤသည်ကို တပ်မတော်က သိမြင်သဖြင့် ရာစုနှစ်တစ်ဝက်မျှ ခံစားခဲ့ရသော လက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းစေရန် တောတွင်းလက်နက်ကိုင် အဖွဲ့များနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုကို စိတ်ရှည်လက်ရှည် ဆောင်ရွက်ခဲ့သည့်အတွက် တောတွင်းလက်နက်ကိုင်အဖွဲ့(၁၇)ဖွဲ့ ဥပဒေဘောင်အတွင်းရောက်ရှိခဲ့ပြီး နိုင်ငံတော်အတွက် အကောင်းဘက်က ရှုမြင်နေထိုင် ဆောင်ရွက်နေကြပြီဖြစ်သည်။

- **ပြည်ထောင်စုမပြိုကွဲရေး**
- **တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး**
- **အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး** ဟူသည့် နိုင်ငံသားအားလုံးအတွက် ဝိဝါဒကွဲပြားစရာမရှိသော ဒို့တာဝန်အရေးသုံးပါးကို အတိတ်သမိုင်းအတွေ့အကြုံများအရ တပ်မတော်အစိုးရက အမျိုးသားရေးဝါဒအဖြစ် ချမှတ်ခဲ့သည့်အပြင် နိုင်ငံရေးဦးတည်ချက် (၄)ရပ်၊ စီးပွားရေးဦးတည်ချက် (၄)ရပ်နှင့် လူမှုရေးဦးတည်ချက် (၄)ရပ်တို့ဖြင့်လည်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ် ဖြစ်ထွန်းရေးဟူသည့် အမျိုးသားရေးပန်းတိုင်သို့ ရောက်ရှိအောင် ချမှတ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းကြီးများ ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ **နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းကြီးဟာ မျိုးဆက်တစ်ခုမှ မျိုးဆက်တစ်ခုသို့ လက်ဆင့်ကမ်းပြီး စဉ်တိုက်၊ ဆက်တိုက် အကောင်အထည်ဖော်ရမယ့် လုပ်ငန်းကြီးဖြစ်တယ်။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးစလုံး စဉ်ဆက်မပြတ် ဆောင်ရွက်နေကြရမယ့် လုပ်ငန်းကြီးဖြစ်ပြီး ကောင်းမွန်တဲ့ အနာဂတ်ကို ဖန်တီးနိုင်အောင် အားထုတ်ကြတာဖြစ်တယ်** ဟူ၍ လမ်းညွှန်မိန့်ကြားထားပါသည်။

မျက်မှောက်ခေတ်၏ တိုးတက်ဖြစ်ပေါ် စည်ပင်ဖွံ့ဖြိုး သာယာမှုများကို အောက်ပါအတိုင်း ကဏ္ဍများခွဲပြီး ကြည့်မြင်နိုင်ကြပါသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်၍ စိုက်ပျိုးရေးကဏ္ဍကို ပထမကြည့်ကြမည်ဆိုလျှင်-

(၁) ၁၉၉၈ ခုနှစ်နောက်ပိုင်း တည်ဆောက်ခဲ့သော ဆည်တမံပေါင်း ၁၆၀၊

(၂) အကျိုးပြုရေသွင်းစိုက်ပျိုးဧက နှစ်သန်းကျော်၊

(၃) ပတ်ဝန်းကျင်အထောက်အကူပြု မြစ်ရေတင်စီမံကိန်း ၂၆၅၊

(၄) သောက်သုံးရေ ရရှိသည့် ကျေးရွာ ၇၇၆၀၊

(၅) ကျေးလက်ဒေသ ရေရရှိရေးလုပ်ငန်းကြောင့် ကျေးလက်ရှိလူဦးရေ ၁၅ သန်းကျော် သောက်သုံးရေရရှိ၊

(၆) ၁၉၈၈ ခုနှစ်နောက်ပိုင်း သီးနှံစိုက်ပျိုးဧက ၂၃ ဒသမ ၈ သန်းအထိ တိုးတက်လာသည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။

သွားလာ-ပို့ဆောင်-သယ်ယူမှု လွယ်ကူစေရန် လမ်းတံတားများကို မြန်မာနိုင်ငံ အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက် တစ်နံတစ်လျား မဟာဗျူဟာချမှတ် ဆောင်ရွက်လျက်ရှိရာ-

(က) အသစ်ဖောက်လုပ်ခဲ့သောလမ်းများမှာ-

(၁) ဧရာဝတီမြစ် အနောက်ဘက် မန္တလေး-မြစ်ကြီးနား ကားလမ်း

(၂) ဧရာဝတီမြစ် အရှေ့ဘက် မန္တလေး-ဗန်းမော် ကားလမ်း

(၃) မြစ်ကြီးနား-ပူတာအို ကားလမ်း

(၄) ဘားအံ-ဇာသပြင်-မော်လမြိုင် ကားလမ်း

(၅) တောင်ကြီး-ရှာင်-ဟံမြင့်မိုရ် ကားလမ်း

(၆) ပျဉ်းမနား-ပင်လောင်း ကားလမ်း

(၇) စစ်တွေ-အမ်း-မင်းဘူး ကားလမ်း

(၈) တောင်ကုတ်-မအီ-ကျောက်ဖြူ ကားလမ်း

(၉) မော်လမြိုင်-ထားဝယ်-မြိတ်-ဘုတ်ပြင်း-ကော့သောင်းကားလမ်း

(၁၀) မုံရွာ-ခန္တီး ကားလမ်း

(ခ) ဧရာဝတီမြစ်အနောက်ဘက် လမ်းသစ်များမှာ-

(၁) မင်းဘူး-ဆိပ်ဖြူ-ပခုက္ကူ-မုံရွာ ကားလမ်း

(၂) မင်းလှ-သရက်-ပြည် ကားလမ်း

(ဂ) အရှေ့မှ အနောက် ဆက်သွယ်သည့် လမ်းသစ်များမှာ-

(၁) မုံရွာ-ကလေးဝ ကားလမ်း

(၂) ပျဉ်းမနား-တောင်တွင်းကြီး ကားလမ်း

(၃) ပျော်ဘွယ်-နတ်မောက်-မကွေး ကားလမ်း

(၄) တောင်ငူ-ပြည် ကားလမ်းစသည်တို့ကို တိုးတက်ဖောက်လုပ်ခဲ့ကြောင်း တွေ့ရပါသည်။

ထိုနည်းတူစွာ တောင်ကို ကျော်၍လည်းကောင်း၊ မြစ်ကို ဖြတ်၍လည်းကောင်း ဖောက်လုပ်ထားသော ရထားလမ်းများမှာ ပြည်သူလူထုအတွက် အထူးအကျိုးပြု အသုံးဝင်လှပါသည်။ ပြည်-အောင်လံ-တောင်တွင်းကြီး ရထားလမ်းသည် အလယ်ရိုးမတောင်တန်းကို ဖြတ်ကျော်ဖောက်လုပ်ထားပြီး ပခုက္ကူ-ကျော ရထားလမ်းသည် ပုံတောင်/ပုံညာတောင်တန်းကို ဖြတ်ကျော်ဖောက်လုပ်ထားကာ ရွှေညောင်-တောင်ကြီး-ဆိုက်ခေါင် ရထားလမ်းသည် ရှမ်းရိုးမကို ဖြတ်ကျော်ဖောက်လုပ်ထားပါသည်။

ချောင်းဦး-ပခုက္ကူလမ်းကို ဧရာဝတီမြစ်ကြီးအား ဖြတ်ကျော်ဖောက်လုပ်ထားပြီး ဘုတလင်-ရေဦး-ခင်ဦး ရထားလမ်းကို မူးမြစ်အား ဖြတ်ကျော်ဖောက်လုပ်ထားပါသည်။

ခက်ခဲသော ဒေသများသို့လည်း သွားလာမှုလွယ်ကူစေရန် ရထားလမ်းသစ်များ ဖောက်လုပ်ခဲ့ရာ နမ့်စန်-မိုးနဲ၊ ရွှေညောင်-ရပ်စောက်၊ အောင်ပန်း-လွိုင်ကော်၊ ရေး-ထားဝယ်၊ ရေမျက်နီ-ဂန့်ဂေါ-ကလေး ရထားလမ်းများက သက်သေပြုနေပါသည်။ အားလုံးခြုံ၍ကြည့်ပါက ၁၉၈၈ ခုနှစ်နောက်ပိုင်း အသစ်ဖောက်လုပ်ခဲ့သော ရထားလမ်းသစ်အရှည် ၁၁၀၄ မိုင်ရှိပြီဖြစ်သည်။

မြစ်ကူးတံတားကြီးများကို ကြည့်မည်ဆိုပါလျှင် ၁၉၈၈ ခုနှစ်မတိုင်မီက ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်း မြစ်ကြီးများ၊ မြစ်ငယ်များပေါ်တွင် ပေ ၁၈၀ အထက် တံတားကြီး ၁၆ စင်းသာရှိခဲ့ရာမှ ၂၀၀၄ ခုနှစ် မေလ အထိ ပေ ၁၈၀ အထက် တံတားကြီး ၁၈၃ စင်းရှိနေပြီဖြစ်ပါသည်။

လေကြောင်းနှင့် ရေကြောင်းပို့ဆောင်ရေးများကို ကြည့်မည်ဆိုပါလျှင် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်ကြီးကို ဒေါ်လာ ၁၅ သန်းနှင့် မြန်မာကျပ်ငွေ ၆၅၄၃ သန်း အကုန်အကျခံကာ တည်ဆောက်ခဲ့သည့်အပြင် ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ လေဆိပ်ကိုလည်း တည်ဆောက်ဆဲဖြစ်ပါသည်။ ၁၉၈၈ ခုနှစ်တွင် ဂျက်လေယာဉ်ဆင်းနိုင်သည့် လေယာဉ်ကွင်း ခြောက်ကွင်းသာရှိခဲ့ရာမှ ယခုအခါတွင် ၁၈ ကွင်းအထိ ရှိနေပြီဖြစ်ပါသည်။ ထို့အပြင် တိုးချဲ့ထားသော ဆိပ်ခံတံတားများအဖြစ် ရန်ကုန်-သီလဝါ ဆိပ်ခံတံတားခြောက်ခု၊ အလုံဆိပ်ခံတံတားနှစ်ခုနှင့် ဗိုလ်အောင်ကျော်-ဗိုလ်တထောင် ဆိပ်ခံတံတားနှစ်ခုကိုလည်း တည်ဆောက်ပြီးစီးခဲ့ပါပြီ။ ယခုအခါ မြန်မာပြည်၏ လမ်းပန်းဆက်သွယ်ရေး အခြေအနေကိုကြည့်လျှင် မြန်မာပြည် မြေပုံအလယ်တည့်တည့်တွင် ဗဟိုပြု၍ ပင့်ကူအိမ်တစ်ခုသဖွယ် တည်ဆောက်ထားသည့်နှယ့် တွေ့မြင်ရမည်ဖြစ်ပါသည်။

လျှပ်စစ်စွမ်းအားကဏ္ဍကို လေ့လာကြည့်မည်ဆိုပါလျှင် ၁၉၈၈-၈၉ ခုနှစ်တွင် မြန်မာနိုင်ငံ၌ လျှပ်စစ်စွမ်းအင် ကီလိုဝပ်နာရီသန်းပေါင်း ၂၂၂၅ ကျော်သာ သုံးစွဲနိုင်ခဲ့သော်လည်း ၂၀၀၄ ခုနှစ်တွင် ကီလိုဝပ် နာရီသန်းပေါင်း ၅၀၆၄ ကျော် သုံးစွဲလာနိုင်ခဲ့ပါသည်။ ထိုသို့ ၂၈၃၉ ကီလိုဝပ်နာရီသန်းပေါင်း ပိုမိုသုံးစွဲလာနိုင်ခြင်းသည် ဤ ၁၆ နှစ်အတွင်း လျှပ်စစ်စွမ်းအား နှစ်ဆကျော်အောင် နိုင်ငံတော်က တိုးမြှင့်ဆောင်ရွက်ပေးနိုင်ခြင်းပင် ဖြစ်ပါသည်။ လူနေမှုအဆင့် အတန်းတိုးတက်လာခြင်းနှင့် စက်ရုံ၊ အလုပ်ရုံ၊ အဆင့်မြင့်ကွန်ဒိုကြီးများ၊ ဟိုတယ်ကြီးများ၊ ဆေးရုံ၊ ဆေးခန်းကြီးများ စသည်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်လာမှု၏ အရှိန်အဟုန်ကို လောလောဆယ် လိုက်မမီခြင်းမရှိသော်လည်း လာမည့်ငါးနှစ်ကာလအတွင်း လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၀၀၀ ပိုမိုထုတ်လုပ်ရန် လျာထားဆောင်ရွက်လျက် ရှိနေပါသည်။

နိုင်ငံနှင့်အဝန်း ဆက်သွယ်ရေးလုပ်ငန်းများကို ကြည့်ပါက ၁၉၈၈ ခုနှစ်တွင် တယ်လီဖုန်းအလုံး ၆၇၀၁၆ ကျော်နှင့် ကြေးနန်းစခန်း ၃၁၀ ရုံးရှိရာ ယခုအခါတွင် ဆယ်လူလာ၊ စီဒီအမ်အေ၊ ဂျီအက်စ်အမ် မိုဘိုင်းဖုန်းများအပြင် တယ်လီဖုန်း ၃၄၂၁၇ နှင့် ကြေးနန်းစခန်းရုံ ၄၆၀ အထိ တိုးတက်လာပြီး မိုက္ကရိုဝေ့ဗ်စခန်း ၂၀၅ ခု၊ လိုင်းအင်အား ၃၃၀၀၀ ကျော်နှင့် ကျေးလက်တယ်လီဖုန်းထားရှိသော ကျေးရွာ ၂၅၀ ရှိနေပါသည်။

၁၉၈၈ ခုနှစ်က ရေနံနှင့်သဘာဝဓာတ်ငွေ့မြေ ၁၃ ခုသာရှိခဲ့ရာမှ ယခုအခါ ၁၈ ခုအထိရှိလာခဲ့ပြီဖြစ်သည်။ ၁၉၈၈ ခုနှစ်က ရေနံစိမ်းစည်သန်းပေါင်း ၄၂၉၉ ထုတ်လုပ်ရာမှ ယခုအခါ ရေနံစိမ်းစည်သန်းပေါင်း ၇၇၁၀ ထုတ်လုပ်နိုင်ပြီဖြစ်သည်။

ယခင် အစိုးရအဆက်ဆက် မဆောင်ရွက်နိုင်သော ကဏ္ဍတစ်ရပ်မှာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်ပါသည်။ ယနေ့ တပ်မတော်အစိုးရသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေများပြဋ္ဌာန်း၊ ရည်မှန်းချက်များ ချမှတ်ကာ ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီ အသီးသီးဖွဲ့စည်းထားသည့်အပြင် ဝန်ကြီးဌာန တစ်ခုကိုပင် တိုးချဲ့ဖွဲ့စည်း၍ အောက်ပါအတိုင်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိပါသည်။

(၁) အခြေခံပညာမူလတန်းကျောင်း ၆၂၇ ကျောင်း

(၂) အခြေခံပညာအလယ်တန်းကျောင်း ၆၁ ကျောင်း

(၃) အခြေခံပညာအထက်တန်းကျောင်း ၆၂ ကျောင်း

(၄) တိုက်နယ်ကျန်းမာရေးဌာန ၈၂ ခု

(၅) ကျေးလက်ကျန်းမာရေးဌာန ၂၉ ခု

(၆) ကျေးလက်ကျန်းမာရေးဌာနခွဲ ၄၀

(၇) နယ်စပ်ဒေသ ရေအားလျှပ်စစ်လုပ်ငန်း ရှစ်ခု

(၈) နယ်စပ်စိုက်ပျိုးရေးရုံး ၃၁ ရုံး

(၉) စိုက်ပျိုးရေးစခန်း ၁၁၅ ခု

(၁၀) တည်ဆောက်ပြီးဆည် ၁၇ ခု

(၁၁) ထွန်စက်စခန်း ၁၁ ခု

ထို့အပြင် စာတိုက်၊ ရေဒီယိုတယ်လီဖုန်းများ၊ တယ်လီဖုန်းအဝေးလိုင်းများ၊ ကြေးနန်းရုံးများနှင့် ဂြိုဟ်တုဆက်သွယ်ရေးစခန်းများကို သင့်လျော်သော မြို့များတွင် တည်ဆောက်ပြီး၊ တည်ဆောက်ဆဲဖြစ်ရာ နောက်ငါးနှစ်ကာလအတွင်း နယ်စပ်ဒေသ ဖွံ့ဖြိုးရေးသုံးစွဲငွေပမာဏမှာ ကျပ် ၂၂၈၅၂ သန်းအထိ တိုးတက်လာမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ဧရိယာစတုရန်းမိုင် ၁၃၀၀၀၀ ကျော် သစ်တောများဖြင့် ဖုံးလွှမ်းလျက်ရှိရာ နိုင်ငံ၏တစ်ဝက်ကျော် ၅၀ ဒသမ ၈၁ ရာခိုင်နှုန်းပင် ဖြစ်ပါသည်။ ဤဘိုးဘွားအမွေအနှစ်ကို သုံးစွဲနေရုံနှင့်မပြီးဘဲ အမြဲရှင်သန်တိုးတက်နေစေရန် အမျိုးသား သစ်တောကဏ္ဍ အနှစ် ၃၀ ပင်မစီမံကိန်းကြီး ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသဖြင့် ဧက ၆၆ သန်းကျော်မှာ အမြဲစိမ်းသစ်တောများအဖြစ် ရှိနေမည်ဖြစ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ မိုးနည်းရပ်ဝန်းဒေသများကို အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ပထမကိုးခရိုင်၊ ယခု ၁၃ ခရိုင်အထိ တိုးချဲ့ဆောင်ရွက်လျက်ရှိရာ ဧကပေါင်း ၇ ဒသမ ၅ သန်းသည် စိမ်းလန်းစိုပြည် တောကောင်းမြေအဖြစ်ဖြင့် မျှတသော ရာသီဥတုဖြစ်လာရန် ရှိနေပါသည်။

စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင်လည်း ၁၉၈၈ခုနှစ်၌ နိုင်ငံပိုင်၊ သမဝါယမပိုင်၊ ပုဂ္ဂလိကပိုင်နှင့် လယ်ယာကုန်ထုတ် အလုပ်ရုံ၊ စက်ရုံ(သေး၊ လတ်၊ကြီး) ၄၀၀၀၀ ကျော်ရှိခဲ့ရာမှ ၂၀၀၄ ခုနှစ်တွင် ၅၀၀၀၀ ကျော် ရှိလာသည်ကို တွေ့မြင်နိုင်ပါသည်။

လူမှုရေးဦးတည်ချက်များ ချမှတ်ဆောင်ရွက်ခဲ့ရာ ၁၉၈၈ ခုနှစ်က နိုင်ငံတွင် ဆေးရုံ ၆၃၀ သာရှိရာမှ ယခုအခါ ၇၇၄ အထိ တိုးတက်လာခဲ့သည့်အပြင် နယ်စပ်ဒေသ တိုးချဲ့ဆေးရုံ ၁၃ ရုံနှင့် နယ်စပ်ဒေသ တိုက်နယ်ဆေးရုံ ၃၇ ရုံကိုလည်း တည်ဆောက်ပေးနိုင်ခဲ့ပါသည်။

ပညာရေးကဏ္ဍ၌ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းပြီး ဆောင်ရွက်ရာတွင် ၁၉၈၈ ခုနှစ်က တက္ကသိုလ်ကောလိပ် ၃၂ ခုသာ ရှိခဲ့ရာမှ ၂၀၀၄ ခုနှစ်တွင် ၁၅၄ ခုရှိနေပြီဖြစ်သည့်အပြင် ရေကြောင်းပညာ တက္ကသိုလ်၊ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တို့ကိုပါ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ပညာရေးဝန်ကြီးဌာနကလည်း ဘာသာရပ် ၂၀ ကို ပါရဂူဘွဲ့အထိ တိုးမြှင့်သင်ကြားပေးနေပြီဖြစ်သည်။

အခြေခံပညာတိုးတက်မှုတွင် ၁၉၈၈ ခုနှစ်၌ အခြေခံပညာကျောင်း ၃၃၇၄၇ ကျောင်းသာ ရှိခဲ့ရာမှ ယခုအခါ ၄၀၁၅၂ ကျောင်းရှိပြီဖြစ်ရာ ၆၄၀၅ ကျောင်း တိုးတက်လာခဲ့ပြီဖြစ်ပါသည်။

ဤတိုးတက် လုပ်ဆောင်မှုအပေါင်းတို့သည် မြန်မာနိုင်ငံရှိ ၅၃ သန်းကျော်သော ပြည်သူလူထုအတွက်သာမက နောင်သားစဉ်မြေးဆက်များအတွက်ပါ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ထင်ရှားလှပါသည်။ ဤ ကျောင်း၊ ကောလိပ်၊ တက္ကသိုလ်များမှ မွေးထုတ်ပေးမည့် လူသားအရင်းအမြစ် မျိုးဆက်သစ်လူငယ်များကို ယခုအတွေ့အကြုံရှိပြီးသော အသိပညာရှင်၊ အတတ်ပညာရှင်ကြီးများက အဆင့်ဆင့် သွန်သင်ညွှန်ပြ၍ နိုင်ငံအတွက် အားထားရသည့် စွမ်းအားရှင်များဖြစ်အောင် စိတ်ဓာတ်ရော ကျွမ်းကျင်မှုပါ လေ့ကျင့်ပေးရန် တာဝန်ကိုယ်စီရှိနေကြပါသည်။ သို့မှသာ တပ်မတော်အစိုးရက ခင်းထားသော လမ်း၊ မှန်းထားသော အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် ပေါ်ထွန်းလာမည်မှာ မလွဲဧကန်ဖြစ်ပါသည်။

အထက်ဖော်ပြပါ တင်ပြချက်များသည် ပကတိ အရှိတရားများသာ ဖြစ်ပါသည်။ ရှေ့ဆက်၍ တိုးတက်မှုများ စဉ်ဆက်မပြတ် ဖြစ်ပေါ်စေရန်အတွက် တိုင်းပြည်ကို ချစ်မြတ်နိုးသော ကျွန်တော်တို့ တိုင်းရင်းသား ပြည်သူအားလုံး အဘက်ဘက်မှ သတိတရား အမြဲရှိနေသင့်ပါကြောင်း **"အပ္ပမာဒေန သမ္ပာဒေထ"**ဟူသော မြတ်ဗုဒ္ဓ၏ ဆုံးမစကားနှင့်ယှဉ်၍ ရေးသားတင်ပြအပ်ပါသည်။ ။

ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်ရေးအလုပ်စခန်း

အောင်မိုးခံ

ဘယ်အစိုးရပင်ပြောင်းပြောင်း ပဒေသာပင်မြေက ချက်ချင်း ပေါက်မလာဘူးဆိုတာကို ကိုယ်ပိုင်အတွေ့အကြုံများရခဲ့ကြပြီး ဖြစ်ပါတယ်။ ဒါကြောင့် တည်ဆဲတပ်မတော်အစိုးရဟာ လမ်းစဉ်ပါတီခေတ် ယိုယွင်းနေတဲ့အခြေအနေတွေနဲ့ ၁၉၈၈ခုနှစ် အရေးအခင်းကြီးကြောင့် မြောက်မြားစွာ ပျက်စီးသွားခဲ့မှုတို့ကို ပြန်လည်ထူထောင်လာခဲ့ရတာဖြစ်တယ်။ အခုလို ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်မယ်ဆိုရင် စီးပွားရေးကုန်ထုတ်စွမ်းအားစုတွေ ခေတ်မီတိုးတက်ဖို့၊ လူနေမှုအဆင့်အတန်း မြင့်မားလာဖို့ အထူးပင် လိုအပ်ပါတယ်။ ဒါကြောင့် ဒီလူမှုသိပ္ပံတရားကို သဘောပေါက်နားလည်စွာ ခံယူထားတဲ့ တည်ဆဲတပ်မတော်အစိုးရဟာ နိုင်ငံတော်ကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များချမှတ်ပြီး မနားမနေကြိုးပမ်းထူထောင်လာခဲ့ရတာ ဖြစ်ပါတယ်။

စားဝတ်နေရေး ဆင်းရဲကျပ်တည်းနေတဲ့ မိသားစုတစ်စုဟာ ဘယ်လိုမှ တည်ငြိမ်အေးချမ်းမှုမရှိနိုင်သလို စားဝတ်နေရေး ဖူလုံတဲ့ မိသားစုဘဝကသာ တည်ငြိမ်အေးချမ်းတိုးတက်နိုင်မယ်ဆိုတဲ့ ဥပမာနဲ့ နားလည်နိုင်ပါတယ်။ ဒါကြောင့် ဒီကနေ့ တပ်မတော်အစိုးရအနေနဲ့ တိုင်းရင်းသားလူမျိုး အားလုံးအပေါ် နီးသည်ဝေးသည် မဟူ၊ ဆူကြွံနိမ့်မြင့်မရွေး မျှမျှတတ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းနေတာဖြစ်ပါတယ်။ အထူးသဖြင့် တိုင်းရင်းသားလူမျိုးများနဲ့ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးတွေကို ဦးစားပေး ကြိုးပမ်းလုပ်ဆောင်နေတာလည်း ဖြစ်ပါတယ်။ ဒီအပေါ်အကြောင်းပြုပြီး နှစ်ရှည်ကြာစွာ အစိုးရအဆက်ဆက်ကို ဆန့်ကျင်လာခဲ့ကြတဲ့ ညီနောင်သားချင်းလူမျိုးစု တောတွင်းလက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့တို့နဲ့လည်း ပြန်လည်သင့်မြတ် စည်းလုံးလာခဲ့ပါတယ်။ ကျန်ရှိနေတဲ့ အဖွဲ့အစည်းများကိုလည်း သင့်မြတ်စည်းလုံးရေးအတွက် လက်ကမ်းကြိုးပမ်းဆဲပင် ဖြစ်ပါတယ်။

အခုလိုအခါသမယမှာ အမျိုးသား နိုင်ငံရေး ပါတီအဖွဲ့အစည်းများနဲ့ အမျိုးသားနိုင်ငံရေးအင်အားစုများအနေနဲ့ နိုင်ငံတော်ရှေ့ရေးနှင့် ဒီမိုကရေစီရေး ရှေးရှုပြီး မိမိတို့မူဝါဒလမ်းစဉ်တွေ၊ အစွဲအလမ်းဟောင်းတွေအပေါ် တရားသေ ဆုပ်ကိုင်မထားကြဘဲ နည်းလမ်းသစ်များနဲ့ ပြောင်းလဲဆောင်ရွက်သွားကြဖို့ ဖြစ်ပါတယ်။ အနာဂတ်နိုင်ငံထူထောင်ရာတွင် တပ်မတော်ရဲ့ကဏ္ဍအရေးကြီးမှု၊ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် တပ်မတော်က ဆောင်ရွက်ခဲ့မှု တွေကို အသိအမှတ်ပြုဖို့ အထူးပင်လိုပါတယ်။

၁၉၆၂ခုနှစ် အခြေအနေများနဲ့ ဒီကနေ့ ၁၉၈၈ခုနှစ်နောက်ပိုင်း အခြေအနေတွေမှာ မလွှဲမရှောင်သာ တပ်မတော်အစိုးရများ အုပ်ချုပ်လာခဲ့ရပေမယ့် အဆိုပါ တပ်မတော်အစိုးရများဟာ အရပ်ဘက်နိုင်ငံရေးအင်အားစုများနဲ့ လက်တွဲဆောင်ရွက်ဖို့ အကြိမ်ကြိမ် ကြိုးပမ်းခဲ့တာကိုတွေ့ရပါတယ်။ ဒါပေမယ့် မအောင်မြင်ခဲ့တဲ့အတွက် နိုင်ငံနဲ့လူမျိုးခေတ်နောက်ကျ မဖွံ့ဖြိုးတာဘဲ အဖတ်တင်ကျန်ခဲ့ရပါတယ်။ အခုလို တပ်မတော်အစိုးရများ အရပ်ဘက်နိုင်ငံရေးအဖွဲ့အစည်းများနဲ့ စေ့စပ်ဆွေးနွေးမှု ပျက်ပြားခဲ့ရတာတွေကို ဆန်းစစ်ကြည့်မယ်ဆိုရင် အရပ်ဘက်နိုင်ငံရေးခေါင်းဆောင်များက မိမိတို့ကိုင်စွဲထားတဲ့ မူဝါဒလမ်းစဉ်တွေကို လျှော့နံ့ခါးထစ်ကိုင်စွဲထားခဲ့ကြလို့ ဖြစ်တယ်ဆိုတဲ့ သမိုင်းသင်ခန်းစာတွေကို တွေ့ရပါတယ်။ ဥပမာပြရမယ်ဆိုရင် ပြီးခဲ့တဲ့ တော်လှန်ရေးကောင်စီအစိုးရခေတ်က အရပ်ဘက် နိုင်ငံရေးပါတီအသီးသီးမှ နိုင်ငံရေးခေါင်းဆောင်ဟောင်း ၃၃ဦးကို ပြည်တွင်းညီညွတ်ရေးအကြံပေးအဖွဲ့ဖွဲ့ပြီး ပြည်တွင်းညီညွတ်ရေးအတွက် အကြံဉာဏ်တောင်းခံပွဲမှာ ဝန်ကြီးချုပ်ဟောင်းဦးနုက မိမိထံမှ သိမ်းယူသွားတဲ့အာဏာကို အရင်ပြန်အပ်ပါလို့ တောင်းဆိုလိုက်တဲ့အတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့စခန်းသွားရမယ့်အစား ညီညွတ်ရေးတံခါး ပြန်ပိတ်သွားခဲ့ရတာ ရှိပါတယ်။

၁၉၈၈ခုနှစ် အရေးအခင်းတွင်လည်း ဒေါက်တာမောင်မောင် အစိုးရက ခြောက်လအတွင်း ပါတီစုံရွေးကောက်ပွဲ လုပ်ပေးပါမယ်လို့ စေ့စပ်ကမ်းလှမ်းခဲ့မှုအပေါ် အရပ်ဘက်နိုင်ငံရေးအင်အားစုများအနေနဲ့ အပြုသဘော တုံ့ပြန်ပူးပေါင်းသွားရမယ့်အစား ထိပ်တိုက်ရင်ဆိုင် ဆန့်ကျင်ရေးလမ်းကိုသာ ရွေးခဲ့ကြပါတယ်။ ဒီအပေါ်မှာ လေးနက်စွာ ဆင်ခြင်သိမြင်လာတဲ့ တည်ဆဲတပ်မတော်အစိုးရရဲ့ လူမျိုးစု တောတွင်းလက်နက်ကိုင်အဖွဲ့ ၁၇ဖွဲ့တို့ ဥပဒေဘောင်တွင်းသို့ ဝင်ရောက်လက်တွဲလာနိုင်အောင် ကြိုးပမ်းနိုင်မှုဟာ ချီးကျူးဖွယ်ရာပင် ဖြစ်ပါတယ်။ ဒါတွေကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ထူထောင်ရေးလုပ်ငန်းတွေ အောင်မြင်တိုးတက်လာတဲ့အတွက် (အခြေခံကောင်းတွေ ရရှိလာတဲ့အတွက်) ၂၀၀၃ခုနှစ်၊ ဩဂုတ်လ ၃၀ရက်နေ့တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေး ရှေ့လုပ်ငန်းစဉ်(၇)ရပ် (အလုပ်စခန်း၇-ရပ်)ကို ထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။ ဒီထုတ်ပြန်ကြေညာချက်မှာ အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေး၊ အဆိုပါ ဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပအတည်ပြုရေး၊ ပေါ်ပေါက်လာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နဲ့အညီ တရားမျှတတဲ့ ရွေးကောက်ပွဲတွေ ကျင်းပပေးရေး၊ ရွေးကောက်ပွဲက ရွေးချယ်တင်မြှောက်လိုက်တဲ့ လွှတ်တော်ကိုယ်စားလှယ်များက နိုင်ငံတော်အကြီးအကဲများ၊ အစိုးရအဖွဲ့နဲ့ အာဏာပိုင်အဖွဲ့အစည်းများ ဖွဲ့စည်းပေးပြီး စည်းကမ်းပြည့်ဝသော ခေတ်မီ ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေးတို့ ပါဝင်ပါတယ်။ အစိုးရဟာ ဒါတွေကို သတင်းစာ၊ ရေဒီယို၊ TVတွေကတစ်ဆင့် အကြိမ်ကြိမ် ရှင်းလင်းတင်ပြနေတာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒါတွေဟာ ဒီမိုကရေစီ နိုင်ငံတော်သစ်ထူထောင်ရေးအလုပ်စခန်းကို ရောက်ရှိလာလို့ဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ဆိုရရင် တပ်မတော်ခေါင်းဆောင်များဟာ ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်ရာတွင် တစ်မျိုးသားလုံး သင့်မြတ်စည်းလုံးစွာ စုပေါင်းလုံ့လပြု ဆောင်ရွက်သွားရေးအတွက် အရပ်ဘက်အမျိုးသားနိုင်ငံရေးအင်အားစုများ၊ ပါတီအဖွဲ့အစည်းများသို့ တံခါးဖွင့်ကမ်းလှမ်းလိုက်တဲ့ သမိုင်းဝင်အမျိုးသားပြန်လည်သင့်မြတ် စည်းလုံးရေး ခြေလှမ်းတစ်ရပ်လည်း ဖြစ်ပါတယ်။

ဒါကြောင့် အခုလိုအခါသမယမှာ အမျိုးသားနိုင်ငံရေးပါတီအဖွဲ့အစည်းများနဲ့ အမျိုးသား နိုင်ငံရေးအင်အားစုများအနေနဲ့ နိုင်ငံတော်ရှေ့ရေးနှင့် ဒီမိုကရေစီရေးရှေးရှုပြီး မိမိတို့ မူဝါဒလမ်းစဉ်တွေ၊ အစွဲအလမ်းဟောင်းတွေအပေါ် တရားသေ ဆုပ်ကိုင်မထားကြဘဲ နည်းလမ်းသစ်များနဲ့ ပြောင်းလဲဆောင်ရွက်သွားကြဖို့ ဖြစ်ပါတယ်။ အနာဂတ်နိုင်ငံထူထောင်ရာတွင် တပ်မတော်ရဲ့ ကဏ္ဍအရေးကြီးမှု၊ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် တပ်မတော်က ဆောင်ရွက်ခဲ့မှုတွေကို အသိအမှတ်ပြုဖို့ အထူးပင်လိုပါတယ်။

ဒါကြောင့် မြန်မာအမျိုးသားနိုင်ငံရေးအင်အားစုများ၊ နိုင်ငံရေးပါတီအဖွဲ့အစည်းများအဖို့ ထိပ်တိုက်ရင်ဆိုင် ဆန့်ကျင်ရေးလမ်းစဉ်နဲ့ စီးပွားရေးပိတ်ဆို့အရေးယူမှုတွေကို လက်နက်သဖွယ် ကိုင်စွဲတဲ့ လမ်းစဉ်တွေကို စွန့်လွှတ်ပြီး အမျိုးသားသင့်မြတ်စည်းလုံးရေးကို ကြိုးပမ်းသွားနိုင်မှသာ ဒီကနေ့ နိုင်ငံတော်က ချမှတ်ထားတဲ့ **ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေး အလုပ်စခန်း** (ဝါ) ရှေ့လုပ်ငန်းစဉ် (၇)ရပ်ကို တစ်စိတ်တစ်ဝမ်းတည်း လက်တွဲအကောင်အထည် ဖော်သွားနိုင်မယ်ဆိုတာကို အထူးတလည် တင်ပြအပ်ပါတယ်။ ။

ဂုဏ်ပြုဆုချီးမြှင့်

ရွှေဘိုအသင်း(ရန်ကုန်) နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ **သက်ကြီးပူဇော်ပွဲနှင့် ထူးချွန်ဆုများချီးမြှင့်ပွဲကို မေ ၂၂ရက်က ရန်ကုန် (YMCA) အသင်းခန်းမ၌ ပြုလုပ်ရာ ရုပ်ရှင်ထူးချွန်ဆုရ ဒါရိုက်တာကြည်စိုးထွန်းအား အသင်းဥက္ကဋ္ဌ ဦးစိုးညွန့်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (၂၃)



ရန်ကင်းမြို့နယ် ပါရမီ သီရိလမ်း အမှတ် ၁ (က)နေ ဦးကျော်ဆွေ-ဒေါ်ခင်လေးကြီး၊ သမီး မအေးမြဆွေ မိသားစုတို့က ဒေါ်ခင်လေးကြီး၏ (၅၀)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် သုံးထပ် ဆေးရုံသစ်ကြီး တည်ဆောက်ရန် ငွေကျပ် ရှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်သို့ မေ ၂၃ရက်က ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်ရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် မေ ၂၅

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်ရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်ရိုက်ပြိုင်ပွဲကို မေ ၃၀ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် မြန်မာနိုင်ငံဂေါက်ရိုက်အသင်း (၉)မိုင်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင် ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၆-၅-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၁၅ ၄။လက်စွမ်းပြဟန်ဂီတသံ
- ၄း၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၃၀ ၆။ မျိုးချစ်တပ်မတော်
- ၄း၄၀ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၄း၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅း၀၀ ၉။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်** -Economic Activities (အိမ်တွင်းစီးပွား၊ ဥပဒေ)
- ၅း၃၀ ၁၀။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၅း၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၄။ မိုးလေဝသသတင်း
- ၆း၂၅ ၁၅။ မြန်မာ့ရှုခင်း
- ၆း၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "လက်ကိုင်အိတ်ဒီဇိုင်းအဆန်းနဲ့ အရမ်းကိုလှ"(အပိုင်း-၅)**
- ၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အမှန်တရားဘက်ကလှုပ်ရှားစားသမား" အပိုင်း (၄)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

ဆက်ကပ် လှူဒါန်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် မေ ၂၄ရက်က မိုးနဲမြို့ သာသနာ့ပါလကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကေသဝ အမှူးပြုသော ဆရာတော် သံဃာတော်များအား ပူဇော်ကန်တော့ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီးငါးရပ် ပီပီပြင်ပြင် အကေ

ကျေးလက်ဒေသများမှ အစပြု၍ တစ်နိုင်ငံလုံး ဟန်ချက်ညီ

★ **ရှေ့ဖုံးမှ**

ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့် လိုက်ပါလျက် တပ်မတော် ရဟတ်ယာဉ်များဖြင့် လွိုင်လင်ခရိုင် မိုးနဲမြို့သို့ ရောက်ရှိကြရာ မိုးနဲတပ်နယ်မှ ဗိုလ်မှူးကြီးသာအောင်၊ မိုးနဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မိုးနဲမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆွေနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မိုးနဲမြို့ အခြေခံပညာအထက်တန်းကျောင်း၏ Computer Aided Instruction Room၊ Audio Room (Language Lab) နှင့် ကျောင်းအားကစားရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကျောင်းခန်းမ၌ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံ၍ သင်ကြားစီမံကိန်းစစ်ရပ်များကို မေးမြန်းပြီး ကျောင်းဆောင်တိုးချဲ့ဆောက်လုပ်ရန် လိုအပ်ချက်များကို စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မိုးနဲမြို့ သာသနာ့ပါလကျောင်းတိုက် ဆရာတော် ဗုဒ္ဓဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တကေသဝ အမှူးပြုသော ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် စာသင်တိုက်အတွက် လိုအပ်ချက်များ ပံ့ပိုးဆောင်ရွက်ပေးခဲ့သည်။

တွေ့ဆုံ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မိုးနဲမြို့ ကမ္ဘောဇခန်းမ၌ မိုးနဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံသည်။

အစီအစဉ်အရ လွိုင်လင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယရဲမှူးကြီးစိန်ဝင်းက မိုးနဲမြို့နယ်၏ တည်နေရာနှင့် အကျယ်အဝန်း၊ လူဦးရေ၊ နေထိုင်လျက်ရှိသည့် တိုင်းရင်းသားလူမျိုးများ၊ အဓိကသီးနှံ ၁၀မျိုးအနက် စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲစင်းငုံ၊ ကြံနှင့် အစေ့ထုတ်ပြောင်းများ၏ စိုက်ဧကအထွက်နှုန်းနှင့် ထွက်ရှိမှုပမာဏ၊ ဒေသဖြစ်ထွန်းသော သီးနှံများစိုက်ပျိုးမှုအခြေအနေ၊ ဒေသဝမ်းစာ ဖူလုံမှု၊ ၂၀၀၄-၂၀၀၅ မိုးစပါးတိုးချဲ့စိုက်ပျိုးရန်စီစဉ်ထားမှု၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ မြို့စည်ပင်သာယာရေး၊ လျှပ်စစ်ဓာတ်အားလုပ်ငန်း အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံပြည်သူများ၏ လူနေမှုဘဝ အဆင့်အတန်းမြင့်မားရေးအတွက် ဒေသ၏ စီးပွားရေး တိုးတက်ဖြစ်ထွန်းရေးသည် အဓိကကျကြောင်း။

ဦးစားပေးဆောင်ရွက်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးအခြေခံသော နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖြစ်ထွန်းစေရေးကို ဦးစားပေးဆောင်ရွက်ကြရန်လိုကြောင်း။

စိုက်ပျိုးရေးကဏ္ဍအနေဖြင့် ဒေသဝမ်းစာဖူလုံစေရေးအပြင် ဒေသတွင်းဖြစ်ထွန်းနိုင်မည့် ဈေးကွက်ဝင် သီးနှံများဖြစ်သည့် လက်ဖက်၊ ကော်ဖီစသည့်သီးနှံများကို တစ်ကွင်း တစ်စပ်တည်းသော စိုက်ခင်းကြီးများ ထူထောင်ပြီး စီးပွားဖြစ်စိုက်ပျိုးနိုင်ရေးအတွက် စနစ်တကျ စီမံကိန်းများ ချမှတ်၍ အကောင်အထည်ဖော်သွားကြရန် မှာကြားလိုကြောင်း။

တာဝန်အရှိဆုံး

မြို့နယ်တစ်ခု ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေး အောင်မြင်ဖြစ်ထွန်းရေးနှင့် ဒေသခံပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးတို့အတွက် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများတွင် တာဝန်အရှိဆုံးဖြစ်ကြောင်း။

မြို့နယ်အဆင့်တွင် စနစ်ကျနသည့် အုပ်ချုပ်ရေး ယန္တရားတစ်ရပ် ထူထောင်ပေးထားပြီးဖြစ်သည့်အပြင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများသွက်လက်မြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် တရားဥပဒေစိုးမိုးရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍစုံတွင် နိုင်ငံတော်အစိုးရက ဌာနဆိုင်ရာများကို စုံစုံညီညီ ဖွဲ့စည်းပေးထားပြီးဖြစ်ကြောင်း။

ဤကဲ့သို့ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးယန္တရားကို နိုင်ငံတော်အစိုးရက အင်္ဂါရပ်စုံစုံညီညီဖြင့် ဖွဲ့စည်းပေးထားပြီးဖြစ်ရာ ဌာနဆိုင်ရာ တာဝန်ရှိသူများအားလုံးက အုပ်ချုပ်ရေးယန္တရားမှန်ကန်ချောမွေ့စွာ လည်ပတ်စေရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

တိုင်တိုင်ပင်ပင်

ပညာရေး၊ကျန်းမာရေး၊စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ မြို့စည်ပင်သာယာရေး ကဏ္ဍအသီးသီးတွင် လုပ်ငန်းအလိုက် ဖွဲ့စည်းထားသည့် ကော်မတီများကို သက်ဝင်လှုပ်ရှားစေလျက် စုပေါင်းဦးဆောင်မှု၊ စုပေါင်းဆောင်ရွက်မှု၊ စုပေါင်းတာဝန်ယူမှုတို့ဖြင့် တိုင်တိုင်ပင်ပင်ညှိညှိနှိုင်းနှိုင်း ပူးပေါင်း ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ကျေးလက်ဒေသများအထိဆင်းပြီး ကျေးလက်နေပြည်သူနှင့် ထိတွေ့ကာ ဒေသအလိုက် လိုအပ်ချက်များကို ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး ငါးရပ်နှင့်အညီ လက်တွေ့ကျကျ ပီပီပြင်ပြင် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်လိုကြောင်း။

ပြည်သူများ၏ လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးခြင်းဖြင့် ပြည်သူများကိုယ်တိုင်က မိမိတို့၏ စီးပွားရေး တိုးတက် ဖြစ်ထွန်းစေရေးအတွက် ဝီရိယစိုက်ထုတ် ကြိုးစားလုပ်ကိုင်ချင်စိတ်များ ဖြစ်ထွန်းလာအောင် မှန်ကန်သော ဦးဆောင်စည်းရုံးမှုပေးနိုင်မှသာ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှု စွမ်းအားကိုရရှိမှာဖြစ်ကြောင်း။

အလားတူပင် မိမိတို့ မြို့နယ်အတွင်း ဖွဲ့စည်းထားပြီးဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အရန်မီးသတ်

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မေ ၂၄ရက်က မိုးနဲမြို့ အခြေခံပညာအထက်တန်းကျောင်း မာလ်တီမီဒီယာ စာသင်ခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်)

မိုးနဲဆေးရုံ

ဆက်လက်၍ အမျိုးသား ကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မိုးနဲပြည်သူ့ဆေးရုံသို့ သွားရောက်၍ လူနာခန်းများ၊ ဓာတ်ခွဲခန်း၊ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်းနှင့် ဓာတ်မှန်ခန်းတို့ကို ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ် ဒေါက်တာမျိုးညွန့်ဦးနှင့် တာဝန်ရှိသူများက လိုက်လံပြသ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျန်းမာရေးဝန်ထမ်းနေအိမ်နှင့် ကျန်းမာရေးလုပ်ငန်းလိုအပ်ချက်များကို စီစဉ်ဆောင်ရွက်ပေးသည်။



အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မေ ၂၄ရက်က မိုးနဲ ပြည်သူ့ဆေးရုံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တွေ့ဆုံမှာကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် မေ ၂၄ရက်က ကျိုင်းတောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ကောင်းမွန်ရေးနှင့် စီးပွားရေးအောင်မြင်ဖြစ်ထွန်းရေးကို အထောက်အကူဖြစ်စေမည့် ပံ့ပိုးမှုများဆောင်ရွက်ရေးတို့ကို ထိရောက် ပီပြင်စွာအကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်စေရအောင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး ငါးရပ်ကို သတ်မှတ်တာဝန်ပေးထားပြီးလည်း ဖြစ်ကြောင်း။

ကျေးလက်ဖွံ့ဖြိုးရေး

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီးငါးရပ် ပီပီပြင်ပြင် အကောင်အထည်ပေါ် ဖြစ်ထွန်းသည်နှင့်အမျှ ကျေးလက်ဒေသများမှ အစပြု၍

ကျိုင်းတောင်း အထက

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကျိုင်းတောင်းမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာ တစ်စုံတို့ကို ကျောင်းအုပ်ကြီးအား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျိုင်းတောင်းမြို့ တုန်ဟုန်းပရိယတ္တိစာသင်တိုက်သို့ရောက်ရှိကြပြီး

ရပ် ပီပီပြင်ပြင် အကောင်အထည်ပေါ်သည်နှင့်အမျှ ငံလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်

ကြီး ငါးရပ်နှင့်အညီ လက်တွေ့ကျကျ ပီပီပြင်ပြင် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်လိုကြောင်း။

ပြည်သူများ၏ လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးခြင်းဖြင့် ပြည်သူများကိုယ်တိုင်က မိမိတို့၏ စီးပွားရေးတိုးတက် ဖြစ်ထွန်းစေရေးအတွက် ဝီရိယစိုက်ထုတ် ကြိုးစားလုပ်ကိုင်ချင်စိတ်များ ဖြစ်ထွန်းလာအောင် မှန်ကန်သော ဦးဆောင်စည်းရုံးမှုပေးနိုင်မှသာ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှု စွမ်းအားကိုရရှိမှာဖြစ်ကြောင်း။

အလားတူပင် မိမိတို့ မြို့နယ်အတွင်း ဖွဲ့စည်းထားပြီးဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အရန်မီးသတ်တပ်ဖွဲ့စသည့် လူမှုရေးအသင်းအဖွဲ့များကို ကူညီအားပေးခြင်းအားဖြင့် ၎င်းတို့၏ ပူးပေါင်းပါဝင်မှုစွမ်းအားကို ရယူကြရန်မှာကြားလိုကြောင်း။

စုပေါင်းစွမ်းအား

မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၏ စီမံခန့်ခွဲမှုနှင့် အစီအမံများ ကောင်းမွန်မှုသာ၊ ဦးဆောင်မှုကောင်းမှုသာ ပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များ၏ စုပေါင်းစွမ်းအားကို ရရှိပြီး မိမိတို့ မြို့နယ်ဖွံ့ဖြိုးတိုးတက်မည်ဆိုသည်ကို သိမြင်နားလည်သဘောပေါက်ကာ တက်ညီလက်ညီကြိုးပမ်း ဆောင်ရွက်ကြရန် ပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လွိုင်လင်ခရိုင် ကျိုင်းတောင်းမြို့သို့ ရောက်ရှိကြရာ မိုင်းပန်တပ်နယ်မှ ဗိုလ်မှူးချုပ်ညွန့်လှိုင်နှင့် တပ်မတော်အရာရှိများ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ကြိုဆိုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကျိုင်းတောင်းမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ကျိုင်းတောင်းမြို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က ကျိုင်းတောင်းမြို့၏ တည်နေရာနှင့် အကျယ်အဝန်း၊ နေထိုင်လျက်ရှိကြသည့် လူမျိုးများ၊ အဓိကသီးနှံ

ဆောင်ရွက်မှုသည် အဓိကဖြစ်ရာ မိမိတို့ဒေသအတွင်း အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ဘက်စုံကဏ္ဍစုံတွင် စီမံခန့်ခွဲမှုစနစ်ကောင်းမွန်

ကိုင်ချင်စိတ်ရှိလာအောင် ဌာနဆိုင်ရာ တာဝန်ရှိသူများက စံနမူနာပြ လုပ်ကိုင်ပြကြရန်လိုကြောင်း။

ယခုအချိန်အခါတွင် ကျိုင်းတောင်းဒေသသည် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာပြီဖြစ်သည်နှင့်

ပြည်နယ်၊ တိုင်းအထိ တစ်နိုင်ငံလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း။

သို့ဖြစ်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများအားလုံးက မိမိတို့ကိုပေးအပ်ထားသော ဌာနအလိုက် ရည်မှန်း

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မေ ၂၄ရက်က ကျိုင်းတောင်းမြို့ အခြေခံပညာ အထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာ တစ်စုံတို့ကို ကျောင်းအုပ်ကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)

ဆရာတော်ဘဒ္ဒန္တ သောစိန်န အမှူးပြုသော ဆရာတော် သံဃာတော်တို့အား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျိုင်းတောင်းမြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအုပ်ဆရာကြီး ဦးကင်းခမ်းမန်နှင့် ဆရာ၊ ဆရာမများအားတွေ့ဆုံကာ သင်ကြားရေးဆိုင်ရာများ မှာကြားသည်။



၁၀မျိုး စိုက်ပျိုးထုတ်လုပ်မှု အခြေအနေ၊ဒေသတွင်းဖြစ်ထွန်းသည့် သီးနှံ ၂၅မျိုး စိုက်ပျိုး ထုတ်လုပ်ရန်အခြေအနေ၊ ဒေသဝမ်းစာ ဖူလုံမှု၊ ဒေသဆီဖူလုံမှု အခြေအနေ၊ပညာရေး၊ ကျန်းမာရေး လုပ်ငန်းဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပညာရေး၊ ကျန်းမာရေး အပါအဝင် ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နယ်မြေဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၏ ကြိုးပမ်း

အောင် ပီပီပြင်ပြင် မှန်မှန်ကန်ကန် ကြိုးပမ်းဆောင်ရွက်သွားကြရန် ပထမဦးဆုံး မှာကြားလိုကြောင်း။

ဒေသ၏ စီးပွားရေး တိုးတက်ဖြစ်ထွန်းရေးအတွက် အခြေခံအကျဆုံးဖြစ်သော စိုက်ပျိုးရေးကဏ္ဍတွင် ဒေသတွင်းဖြစ်ထွန်းနိုင်သည့်ဈေးကွက်ဝင်သီးနှံများကို ရွေးချယ်သတ်မှတ်ပြီး စီးပွားဖြစ် စိုက်ပျိုးသွားကြရန် ဌာနဆိုင်ရာများက ဦးဆောင်မှုပေး စည်းရုံး ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

စံနမူနာပြ

အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်ဖြန့်ဖြူးခြင်း၊ စိုက်ပျိုးရေးနည်းစနစ်ပေးခြင်း စသည့် ပံ့ပိုးကူညီမှုများဖြင့် တောင်သူများ လုပ်ချင်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား မေ ၂၄ရက်က ကျိုင်းတောင်းရေအားလျှပ်စစ် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်ရှင်းလင်းဆောင်၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အညီ ထုတ်ကုန်များ ပို့ဆောင်ရန် ပိုမိုလွယ်ကူလာပြီဖြစ်ရာ စိုက်ပျိုးစီးပွား ကုန်ထုတ်လုပ်ငန်းများ တိုးတက်ထုတ်လုပ်နိုင်ဖို့ စည်းရုံးဦးဆောင် လမ်းပြကြရန် မှာကြားလိုကြောင်း။

ဒေသဖွံ့ဖြိုးရေးအတွက် အရင်းခံအကျဆုံးဖြစ်သည့် ဒေသခံပြည်သူများ၏ ပညာရေး၊ကျန်းမာရေး အဆင့်အတန်း မြင့်မားရေး၊ သန့်ရှင်းသည့်သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေး၊ လမ်းပန်းဆက်သွယ်မှု တိုးတက်

ချက်တာဝန်များ ကျေပွန်စွာ ထမ်းရွက်ရုံမျှမက မိမိတို့ တာဝန်ကျရာဒေသသည် မိမိတို့၏ရပ်ရွာဒေသကဲ့သို့ သဘောထားခံယူပြီး ဝီရိယနှင့် စေတနာအားပေါင်းစပ်ကာ ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ဌာနဆိုင်ရာများအားလုံး စုပေါင်းဦးဆောင်မှု၊ စုပေါင်းဆောင်ရွက်မှု၊ စုပေါင်းတာဝန်ယူမှုတို့ဖြင့် ဌာနတစ်ခုနှင့်တစ်ခု ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ ညှိနှိုင်းပေါင်းစပ် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ကျိုင်းတောင်းရေအားလျှပ်စစ်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် လွိုင်လင်ခရိုင် မိုးနဲမြို့၏ အရှေ့ဘက် ၃၁မိုင်ခန့်အကွာ နမ့်တိန်ချောင်းအပေါ်တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက စတင်တည်ဆောက်နေသည့် ကျိုင်းတောင်း ရေအားလျှပ်စစ် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးမြင့်က ကျိုင်းတောင်းရေအားလျှပ်စစ် စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စီမံကိန်း၏ ရည်ရွယ်ချက်နှင့် တည်နေရာ၊

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ⇨

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မေ ၂၄ရက်က လှိုင်လင်မြို့ နဝရတ်ခန်းမ၌ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကျိုင်းတောင်း ရေအားလျှပ်စစ်စက်ရုံတွင် ၁၈ မဂ္ဂါဝပ် စက်သုံးလုံးတပ်ဆင် တစ်နှစ်လျှင် ဓာတ်အား ၄၇၂ ကီလိုဝပ် နာရီသန်းပေါင်း ထုတ်လုပ်မည်

⇨ စာမျက်နှာ ၉ မှ

ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းဒေသ၏ ဘူမိဗေဒ အခြေအနေ၊ နမ့်တိန်ချောင်း၏ ရေစီးရေလာအခြေအနေ၊ ဇလဗေဒမှတ်တမ်းအရ တိုင်းတာတွေ့ရှိချက်၊ ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းအရ ကျောက်စီကွန်ကရစ် ရေလွှဲဆည် တည်ဆောက်ခြင်း၊စီမံကိန်းလုပ်ငန်းများ၏ အကွက်ချပုံစံ၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မည့် လုပ်ငန်းအဆင့်ဆင့်၊ ကျောက်စီကွန်ကရစ်ရေလွှဲဆည် တည်ဆောက်ခြင်း၊ရေယူအဆောက်အအုံနှင့် ရေသွယ်မြောင်း ဖောက်လုပ်ခြင်းလုပ်ငန်း၊ ရေထိန်းကန် ဖိအားမြှင့် သံမဏိပိုက်လိုင်း၊ ဓာတ်အားပေးစက်ရုံ ဓာတ်အားလိုင်းများ တည်ဆောက်တပ်ဆင်မည့် အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အချိန်နှင့်တစ်ပြေးညီ

ယင်းနောက် ရေအားလျှပ်စစ် ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးမြင့်က အမှတ်(၁) ရေလွှဲဆည် အောက်ခံကွန်ကရစ်လောင်းခြင်းလုပ်ငန်း၊ ရေယူအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်း၊ နုန်းစစ်ကန် တည်ဆောက်ခြင်းလုပ်ငန်း အပါအဝင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စီမံကိန်းလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ပြီးစီးရေးအတွက် မိုးရာသီလုပ်ကိုင်နိုင်သောလုပ်ငန်းများကို ရပ်တန့်မထားဘဲ ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စီမံကိန်းရှုရပ်မှ နမ့်တိန်ချောင်း ရေစီးဆင်းမှု ပမာဏနှင့် ကျိုင်းတောင်း ရေတံခွန်မှ ရေကျဆင်းနေမှု အခြေအနေများကို ကြည့်ရှုကြသည်။

၅၄ မဂ္ဂါဝပ်

ကျိုင်းတောင်း ရေအားလျှပ်စစ်စက်ရုံတွင် ဒေါင်လိုက်ဖရန်စစ် တာဘိုင်အမျိုးအစား တပ်ဆင်မည်ဖြစ်သည်။ ၁၈ မဂ္ဂါဝပ် စက်သုံးလုံး တပ်ဆင်မည်ဖြစ်သည့်အတွက် စက်စွမ်းအားမှာ ၅၄မဂ္ဂါဝပ်ဖြစ်ပြီး တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ၄၇၂ကီလိုဝပ် နာရီသန်းပေါင်း ထုတ်လုပ်နိုင်မည်ဟုသိရသည်။

လှိုင်လင်

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် လှိုင်လင်မြို့သို့ ရောက်ရှိကြရာ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လှိုင်လင်မြို့ နဝရတ်ခန်းမ၌ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

အစီအစဉ်အရ လှိုင်လင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းတင့်က လှိုင်လင်ခရိုင်၏ တည်နေရာနှင့် အကျယ်အဝန်း၊ လူဦးရေ၊ မြေယာအသုံးချမှု၊ ခရိုင်အတွင်း မိုးစပါးစိုက်ပျိုးမှု၊ အထွက်နှုန်းနှင့် ထွက်ရှိမှု၊ မိုးစပါးစိုက်ဧက တိုးချဲ့စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်နေမှု၊ နွေစပါး စိုက်ပျိုးနိုင်မှု၊ အဓိကသီးနှံ ၁၀မျိုး စိုက်ပျိုးထုတ်လုပ်နိုင်မှု၊ ဒေသတွင်းဖြစ်ထွန်းသီးနှံ ၂၅မျိုး စိုက်ပျိုးထုတ်လုပ်နိုင်မှု၊ ခရိုင်အတွင်း ဝမ်းစာဖူလုံမှု၊ ဆီဖူလုံမှု အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးမြကြီးက လှိုင်လင်ခရိုင်အတွင်း အဓိက သီးနှံ ၁၀မျိုးအနက် စပါး၊ ပြောင်း၊ ပဲစင်းငုံ စသည့် သီးနှံများ ပန်းတိုင်ရည်မှန်းချက် ရရှိအောင် စိုက်စနစ် မှန်ကန်ရေး၊ သီးနှံအလိုက် အထွက်ကောင်းမျိုးများ သုံးစွဲရေး၊ သီးနှံအလိုက်စိုက်ဧကများ တိုးတက်ဖြစ်ပေါ်ရေး နည်းလမ်းများဖြင့် ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ခရိုင် မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးသောင်းက လှိုင်လင်ခရိုင်၏ ရာသီဥတုနှင့် မိုးရွာသွန်းမှု၊ ခရိုင်၏ လယ်မြေ၊ ယာမြေ၊ ဥယျာဉ်မြေ၊ တောင်ယာမြေ စသည့် စိုက်ပျိုးမြေဧကနှင့် စိုက်ပျိုးသီးနှံအမျိုးအစား၊ မြေရိုင်း၊ တောရိုင်း၊ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ၏ အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ခရိုင်ပညာရေးမှူး ဦးဝင်းမြင့်မောင်က ခရိုင်အတွင်းအခြေခံပညာကျောင်းများ တိုးချဲ့ ဖွင့်လှစ်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း၊ ဆရာအင်အား တိုးချဲ့ခန့်ထားခြင်း၊ ဆရာဦးရေနှင့် ကျောင်းသားအင်အား အချိုးအစား၊ ခရိုင်အတွင်း ကျောင်းများ၏ ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်ချက်ရာခိုင်နှုန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာစိုင်းခမ်းလှိုင်က လှိုင်လင်ခရိုင်အတွင်း ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မေ ၂၄ရက်က လှိုင်လင်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ဆရာကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တင်ပြသည့် ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် လှိုင်လင်ခရိုင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသည့် အစီအမံများ၏ အောင်မြင်ဖြစ်ထွန်းမှုများကို လေ့လာသုံးသပ်နိုင်ရန်နှင့် လိုအပ်သည်များ ဆက်လက်ပံ့ပိုးပေးနိုင်စေရန် မိမိနှင့်အတူ ဒေသဆိုင်ရာ တာဝန်ခံများ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ယနေ့ လာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း။

နံနက်ပိုင်းတွင် မိုးနဲမြို့နယ်နှင့် ကျိုင်းတောင်းမြို့တို့သို့ ဝင်ရောက်၍ ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ပြီး ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်သို့ ဆက်လက်သွားရောက်ကာ လုပ်ငန်းများ အမြန်ဆုံး ပြီးစီးစေရေးအတွက် လိုအပ်သည်များ စီမံဆောင်ရွက်ပေးခဲ့ကြောင်း။

လှိုင်လင်ခရိုင် ၁၁ မြို့နယ်သည် ဖွံ့ဖြိုးတိုးတက်ရေး၌ ကွက်လပ်သဖွယ် ကျန်ရှိနေသည့်အတွက် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရအောင် ဆောင်ရွက်ပေးရန် လိုအပ်နေသည်ဟု နိုင်ငံတော်အစိုးရက ခံယူထားသည့်အလျောက် လွန်ခဲ့သည့် သုံးနှစ်ခန့်က စတင်ပြီး လှိုင်လင်ခရိုင်ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိခြင်းဖြစ်ကြောင်း။

ဖြန့်ကြက်ဆောင်ရွက်နေ

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွံ့ဖြိုးရေးစီမံကိန်းကြီးသုံးရပ်ဖြစ်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီးများ စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး ငါးရပ် စီမံကိန်းတို့ကို စနစ်တကျ ပေါင်းစပ်ပြီး တစ်နိုင်ငံလုံး၌ ဖြန့်ကြက် အကောင်အထည်ဖော် ဆောင်ရွက်ပေးနေကြောင်း။

လှိုင်လင်ခရိုင် ၁၁ မြို့နယ်ကိုလည်း ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခုတွင် အထူးဒေသတစ်ခုအဖြစ် ထည့်သွင်းသတ်မှတ်ပြီး ဖွံ့ဖြိုးရေးအထူးဒေသကြီးများ စီမံကိန်း၏အင်္ဂါရပ်များနှင့်အညီ လမ်းပန်းဆက်သွယ်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ပေးရေး အစီအမံများကို နိုင်ငံတော်ဘဏ္ဍာငွေကြေးမြောက်မြားစွာ ကျခံပြီး စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကျန်းမာရေးကဏ္ဍ

ကျန်းမာရေးကဏ္ဍတွင် လှိုင်လင်ခရိုင် ၁၁မြို့နယ်လုံးရှိ မြို့နယ်ဆေးရုံများကို ၁၆ခုတင်ဆံ့ ဆေးရုံအဆင့်မှ ၂၅ခုတင်ဆံ့ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးခြင်း၊ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများ အဆင့်တိုးမြှင့်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့သလို လှိုင်လင်ခရိုင် ပြည်သူ့ဆေးရုံကြီးကိုလည်း ခုတင်၂၀၀ဆံ့ ဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင်ပေးခဲ့ပြီးဖြစ်ကြောင်း။

လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ပင်လုံတက္ကသိုလ်ကြီးနှင့် ပင်လုံအစိုးရ နည်းပညာ ကောလိပ်၊ ပင်လုံ ကွန်ပျူတာကောလိပ်တို့ကို သစ်လွင်ခံ့ညားထည်ဝါသည့် အဆောက်အအုံများဖြင့် တည်ဆောက် ထူထောင်ပေးခဲ့ပြီးဖြစ်ကြောင်း။

ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးသည် အဓိကဖြစ်သည်နှင့်အညီ မြို့နယ်ချင်းဆက်သွယ်သည့် လမ်းများသာမက ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းဆက်သွယ်သည့် လမ်းများ တိုးတက်ကောင်းမွန်စေရန် ဘဏ္ဍာငွေကြေး မြောက်မြားစွာ ကုန်ကျခံပြီး အရှိန်အဟုန်ဖြင့် တည်ဆောက်ပြုပြင်ပေးခဲ့ကြောင်း။

လက်ယှက်ထိုးပေါ်ထွန်း

သို့ဖြစ်၍ ယခုအခါတွင် လှိုင်လင်ခရိုင် ၁၁ မြို့နယ် ဒေသတစ်ခွင်လုံး လမ်းမကြီးများ လက်ယှက်ထိုးပေါ်ထွန်းလာခဲ့ပြီး အရှေ့နှင့် အနောက်သာမက ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းတို့ပါ တစ်ဆက်တစ်စပ်တည်း ဖြစ်လာခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်ပြီးလည်း လမ်းမကြီးများပြုပြင်မွမ်းမံမှု၊ ကတ္တရာလမ်းအဆင့်မြှင့်မှုများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက် ရှိနေကြောင်း။

ဤကဲ့သို့ လှိုင်လင်ခရိုင်တစ်ခုလုံးကို အချိန်တိုကာလအတွင်း ဘက်စုံကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်လာအောင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးနေခြင်းသည် နိုင်ငံတော်အစိုးရအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေသော ဒေသများကို အခြားသော ဒေသများနည်းတူ မျှတစွာ ဖွံ့ဖြိုးတိုးတက်စေရမည်၊ တိုင်းရင်းသားလူမျိုးများအကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်မရှိအောင် ဆောင်ရွက်ပေးမည်ဆိုသည့် သဘောထားခံယူချက်ဖြင့် မည်သူ၏တောင်းဆိုမှုမျှ မပါဘဲ စေတနာအရင်းခံဖြင့် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရနည်းတူ ပြည်သူများအပိုင်းမှာလည်း တာဝန်ရှိသည်နှင့်အညီ အစိုးရနှင့် ပြည်သူ အပြန်အလှန်ပူးပေါင်း ဆောင်ရွက်ရန် လိုအပ်သည်ဟုလည်း တစ်ဆက်တည်း ပြောကြားလိုကြောင်း။

တာဝန်ရှိ

ပြည်သူများအပိုင်းကလည်း နိုင်ငံတော်အစိုးရ၏ စေတနာအပေါ် တုံ့ပြန်ပြီး မိမိတို့ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းမှု အပြည့်အဝ ဖြစ်ထွန်းစေရအောင် စီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းပြီး မိမိတို့ရပ်ရွာဒေသ ဖွံ့ဖြိုးတိုးတက်စေရအောင် မိမိတို့မှာလည်း တာဝန်ရှိသည်ဆိုသည့် သဘောထားခံယူချက်ဖြင့် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✻

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလ ဆောက်တည်ကြသည့် ဥပုသ်နေ့ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

✻ စာမျက်နှာ ၁၀ မှ

ဌာနဆိုင်ရာ တာဝန်ရှိသူများကလည်း ဤအခြေခံသဘောတရားကို နားလည်သဘောပေါက်ပြီး ပြည်သူများနှင့် ထိတွေ့ကာ ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်း၊ ပြည်သူများ၏ စီးပွားရေး တိုးတက်ဖြစ်ထွန်းရေး၊ လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားရေးတို့အတွက် ပံ့ပိုးကူညီပေးခြင်းအားဖြင့် ပြည်သူတို့၏ ပူးပေါင်းပါဝင်မှုစွမ်းအားကို ရယူကြရန် မှာကြားလိုကြောင်း။

ညီညီညွတ်ညွတ်

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီးတစ်ရပ်လုံးနှင့်တကွ ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများအားလုံး နယ်မြေဒေသမရွေး၊ လူမျိုးမရွေး၊ ဘာသာမရွေး မျှတစွာ ဖွံ့ဖြိုးတိုးတက်စေရအောင် ဖွံ့ဖြိုးရေးစီမံကိန်းကြီး သုံးရပ်ချမှတ်လျက် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည့် အချိန်အခါတွင် ပြည်သူများအားလုံးက မိမိတို့တွင်လည်း တာဝန်ရှိသည်ဆိုသည့် သဘောထားခံယူချက် ထားရှိပြီး တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အခြေခံလျက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လှိုင်လင်မြို့ အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းများအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊ ကွန်ပျူတာတစ်စုံစီတို့ကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများအားလည်းကောင်း၊ လှိုင်လင်ခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် ဗလာစာအုပ်များကို ခရိုင်ပညာရေးမှူးအားလည်းကောင်း ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နည်းပညာကောလိပ်

ဆက်လက်၍ မြန်မာနိုင်ငံ ပညာရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အစိုးရနည်းပညာကောလိပ် (ပင်လုံ)သို့ ရောက်ရှိကြရာ ကျောင်းအုပ် ဦးမင်းမင်းဦးနှင့် ဆရာ၊ ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် အလုပ်ရုံ၊ ကွန်ပျူတာခန်းနှင့် Language Lab တို့၌ ကျောင်းသား၊ ကျောင်းသူများ လေ့ကျင့်သင်ကြားနေမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးအားပေးပြီး လိုအပ်ချက်များ စီမံဆောင်ရွက်ပေးသည်။

အထွေထွေရောဂါကုဆေးရုံ

ယင်းနောက် အမျိုးသားကျန်းမာရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လှိုင်လင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး ခုတင် ၂၀၀ သို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးသန်းနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။ ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လူနာဆောင်များနှင့် ခွဲစိတ်ဆောင်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် လှိုင်လင်မြို့ ဧည့်ရိပ်သာသို့ ရောက်ရှိကြသည်။

ဆက်ကပ်လှူဒါန်း

ညပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် လှိုင်လင်မြို့ ရတနာစည်တပ်ဦးကျောင်းသို့ သွားရောက်၍ ရတနာစည်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သီလာနန္ဒ အမှူးပြုသော ဆရာတော် သံဃာတော်တို့အား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ ထိုမှတစ်ဆင့် လှိုင်လင်မြို့ ဧည့်ရိပ်သာသို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ မေ၂၄ရက်က လှိုင်လင်မြို့ ရတနာစည်တပ်ဦးကျောင်း ရတနာစည်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သီလာနန္ဒအမှူးပြုသော ဆရာတော် သံဃာတော်တို့အား ပူဇော်ကန်တော့ကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ယနေ့ထုတ်စောင်ရေ

၁၉၆၈၄၀

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကျင်းပ

ရန်ကုန် မေ ၂၅

ရန်ကုန်တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူး၍ ၂၀၀၄ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တိုင်းအဆင့်ပန်းချီ၊ကာတွန်း၊ ပိုစတာပြိုင်ပွဲများကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်ရှိ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်၌ ကျင်းပရာ ရန်ကုန်တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အားပေးချီးမြှင့်သည်။

တက်ရောက်

ပြိုင်ပွဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲရေးချုပ် ရဲမှူးချုပ် စိုးမြင့်ထွန်း၊ အမှတ်(၃) စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်း၊ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်ဒိုင်း၊ မူးယစ်ဗဟိုမှ တာဝန်ရှိသူများ၊ အမှတ်(၃)အခြေခံ ပညာဦးစီးဌာန(ရန်ကုန်မြို့တော်)ဒုတိယညွှန်ကြားရေးမှူး(ပညာ)ဦးနုနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံးမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်များ တက်ရောက်ကြသည်။

ကြည့်ရှုအားပေး

ရန်ကုန်တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီခွဲတွင် ၂၀၀၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများ ကျင်းပရာ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်သို့ ရောက်ရှိလာရာ တာဝန်ရှိသူများက ကြိုဆိုကြပြီး "မူးယစ်ဆန့်ကျင် အောင်ပွဲဆင်"၊ "စိတ်ထားကြံ့ခိုင် ပန်းတိုင်ချိတက် အောင်ပွဲဆက်"နှင့်"ပြုစုကုသအောင်ပွဲရ မူးယစ်ကင်းစင်ဘဝ" (Treatment Works) ဟူသော ခေါင်းစဉ်ဖြင့် အသက်(၁၀)နှစ်အောက်၊ အသက်(၁၀–၁၅)နှစ်၊ အသက်(၁၅–၂၀)နှစ်နှင့် အသက်(၂၀)နှစ်အထက် အလွတ်တန်း ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေး အားပေးကြသည်။

ယနေ့ကျင်းပသည့် ကာတွန်းပြိုင်ပွဲသို့ အသက်(၁၀)နှစ်အောက် ၃၉ဦး၊ အသက်(၁၀–၁၅)နှစ် ၅၄ဦး၊ အသက်(၁၅–၂၀)နှစ် ၁၃ဦးနှင့် အသက်(၂၀)နှစ်အထက် အလွတ်တန်း ၂၀ဦး စုစုပေါင်း ပြိုင်ပွဲဝင် ၁၂၆ဦးတို့ လာရောက်ယှဉ်ပြိုင်ကြပြီး ပန်းချီပြိုင်ပွဲသို့ အသက်(၁၀)နှစ်အောက် ၂၆ဦး၊ အသက်(၁၀–၁၅)နှစ် ၄၄ ဦး၊ အသက်(၁၅–၂၀)နှစ် ၁၄ဦးနှင့် အသက်(၂၀)နှစ်အထက် အလွတ်တန်း ၁၂ဦး စုစုပေါင်း ပြိုင်ပွဲဝင် ၉၆ဦးတို့ လာရောက်ယှဉ်ပြိုင်ကြကာ ပိုစတာပြိုင်ပွဲကို မေ ၂၆ရက်၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း လက်ရွေးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မေ ၂၅

ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း လက်ရွေးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို မေ၂၄ရက် ညနေပိုင်းတွင် ဧရာဝတီရေတပ်စခန်းဌာနချုပ် သီဟသူရ ထွန်းတင်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)နှင့် ရန်ကုန်တပ်နယ်ရှိ ဌာနချုပ်များ၊ တပ်၊ စခန်း၊ ရေယာဉ်များမှ အရာရှိ၊ စစ်သည်မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗိုလ်လုပွဲ ပွဲစဉ်များယှဉ်ပြိုင်ကြရာ တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တံခွန်စိုက်ဒိုင်းဆုကို ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးမောင်ဦးလွင်ကပေးအပ်ချီးမြှင့်ပြီး ကျန်ဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန

ကျောင်းအပ်နှံရေး သီတင်းပတ်

မေလ၏ နောက်ဆုံး သီတင်းပတ်

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး

ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

မေ ၈ရက်က စိုးနိုင်နှင့် ဦးစိုးတို့အား ဆေးခြောက်သုံးကီလိုနှင့်အတူ ကော့သောင်းမြို့နယ်၌ ဖမ်းမိစဉ်။ (သတင်းစဉ်)

ဆေးခြောက် သုံးကီလို ကော့သောင်း၌ဖမ်းမိ

ရန်ကုန် မေ ၂၅

နယ်မြေခံ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ မူးယစ်(အထူး)တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၈ ရက်တွင် သတင်းအရ ကော့သောင်းမြို့နယ် (၇)မိုင်ကျေးရွာအုပ်စု ချောင်းစလန်းကျေးရွာအပြင်ဘက်၌ စောင့်ဆိုင်းနေစဉ် ယင်းကျေးရွာနေ ဦးကျော်ရှိန်၏ သား စိုးနိုင်နှင့် ဦးကြီးအောင်၏ သား ဦးစိုးတို့အား မသင်္ကာဖွယ်ရာ တွေ့ရှိရ၍ ရှာဖွေစစ်ဆေးခဲ့ရာ ပီနံအိတ်နှင့် ပလတ်စတစ်အိတ်များအတွင်း ထည့်သွင်း ယူဆောင်လာသည့် ဆေးခြောက်သုံးကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိ တရားခံများနှင့် မူးယစ်ဆေးဝါးများအား သက်ဆိုင်ရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူဆောင် ရွက်လျက်ရှိသည်။ (သတင်းစဉ်)

အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၅)၌ကျင်းပရာ သဘာပတိ ညီလာခံကိုယ်စားလှယ် ဒေါက်တာမျိုးသန့်တင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❀ **ကျောဖုံးမှ**

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ် ၄၈ဦး ရှိသည့်အနက် ၄၈ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ရာနှုန်းပြည့် တက်ရောက်ကြသည်။

ရှေးဦးစွာ အလှည့်ကျသဘာပတိ ဒေါက်တာမျိုးသန့်တင်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားခဲ့သည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ကဏ္ဍများအလိုက် စာတမ်းများ ပြုစုတင်ပြရန် တက်ရောက်လာကြသော အလုပ်သမားကိုယ်စားလှယ်များက အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် အလုပ်သမား ကိုယ်စားလှယ်များက ကဏ္ဍအလိုက် စာတမ်းများ ပြုစုတင်ပြနိုင်ရန် အကြံပြု ဆွေးနွေးတင်ပြချက်များအပေါ် အလှည့်ကျသဘာပတိက ပြန်လည်ရှင်းလင်းတင်ပြဆွေးနွေး အတည်ပြုသည်။

ယင်းနောက် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့ စာတမ်းပြုစုရေး ဦးခင်မောင်ဆွေ ခေါင်းဆောင်သော အဖွဲ့ငယ်က စီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍကိုလည်းကောင်း၊ အဖွဲ့ငယ်(၄)၏ တာဝန်ခံအဖြစ် မကွေးတိုင်းမှ ဦးအောင်စန်း ခေါင်းဆောင်သော အဖွဲ့ငယ်က စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ၊ စက်မှုလက်မှုကဏ္ဍကိုလည်းကောင်း၊အဖွဲ့ငယ်(၅)၏ တာဝန်ခံအဖြစ် မန္တလေးတိုင်းမှ ဦးအောင်မွန် ခေါင်းဆောင်သော အဖွဲ့ငယ်က လူမှုရေးကဏ္ဍ၊ စီမံခန့်ခွဲရေးကဏ္ဍနှင့် တရားစီရင်ရေးကဏ္ဍကို လည်းကောင်း အသီးသီး စာတမ်းများ ပြုစုရေးသားရန် ညီလာခံ အလုပ်သမားကိုယ်စားလှယ်များက အဆိုတင်သွင်းထောက်ခံကြပြီး သဘာပတိက အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး နံနက် ၉နာရီခွဲတွင် အစည်းအဝေးကို ခေတ္တရပ်နားကာ အဖွဲ့ငယ်ငါးဖွဲ့မှ ကိုယ်စားလှယ်များက မိမိတို့ကဏ္ဍ ကျရာ စာတမ်းများကို စတင်ရေးသား ပြုစုကြသည်။

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့ ၏ ဦးသိန်းမြင့်နှင့် တွဲဖက်အခမ်းအနားမှူး အဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဝင်းတို့က ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၅၆ဦးရှိသည့်အနက် ညီလာခံကိုယ်စားလှယ် ၅၃ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၄ ဒသမ ၆၄ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကြောင်းကြေညာသည်။

ထို့နောက် သဘာပတိ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေး လုပ်ငန်းပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင်က အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်အပေါ် ဥပဒေပြုရေးဆိုင်ရာ ကဏ္ဍနှင့်ပတ်သက်၍ ညီလာခံကိုယ်စားလှယ်များဖြစ်ကြသော စာရေးဆရာနှင့် တရားရုံးချုပ်ရှေ့နေ ဦးမြတ်သူ (တက္ကသိုလ်-မြတ်သူ)၊ မော်လမြိုင်တက္ကသိုလ် ရူပဗေဒဌာန ပါမောက္ခ ဒေါ်ခင်သန်းနွယ်၊ ရုပ်ရှင်ဒါရိုက်တာ ဦးခင်ဇော်၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဦးအောင်ဇော်မြင့်၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာကျော်ဝင်းနှင့် သမဝါယမဝန်ကြီးဌာန အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိန်သန်းတို့က အကြံပြုစာတမ်းများကို အသီးသီး တင်ပြကြသည်။

အမျိုးသားညီလာခံ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့၏ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၈)၌ကျင်းပရာ သဘာပတိ ညီလာခံကိုယ်စားလှယ် ဦးထွန်းအောင်ချိန် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဦးကိုကိုကျော်တို့ တက်ရောက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၉)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် တွဲဖက်အခမ်းအနားမှူး အဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်မင်းတို့က ဆောင်ရွက်ကြသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၁၁နာရီ ၁၀မိနစ်တွင် ရပ်နားလိုက်သည်။

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို မေ ၂၆ရက် နံနက် ၉နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့ သဘာပတိအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၇)၌ ကျင်းပရာ သဘာပတိ အဖွဲ့ဝင်များဖြစ်ကြသည့် သာသနာရေးဝန်ကြီးဌာနမှ ဦးအုံမောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးလှတင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ...

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့ဖြစ်သည့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ ညှိနှိုင်းဆွေးနွေးပွဲကို ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ(၇)၌ ဆက်လက်ကျင်းပစဉ်။ (သတင်းစဉ်)

အဖွဲ့ငယ် ငါးဖွဲ့တွင် အဖွဲ့ငယ်(၁)၏ တာဝန်ခံအဖြစ် ရန်ကုန်တိုင်းမှ ဦးသန်းမြင့် ခေါင်းဆောင်သော အဖွဲ့ငယ်က ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊ နိုင်ငံခြားရေးကဏ္ဍနှင့် ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များကဏ္ဍကိုလည်းကောင်း၊ အဖွဲ့ငယ်(၂)၏ တာဝန်ခံအဖြစ် ဧရာဝတီတိုင်းမှ ဒေါ်ခင်စောမူ ခေါင်းဆောင်သောအဖွဲ့ငယ်က ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍ (ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ အခွန်တော်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းကဏ္ဍ)ကိုလည်းကောင်း၊ အဖွဲ့ငယ်(၃)၏ တာဝန်ခံအဖြစ် ရန်ကုန်တိုင်းမှ

အစည်းအဝေးကို နံနက် ၉နာရီ ၅၅မိနစ်တွင် ဆွေးနွေးပွဲခန်းမ(၆)၌ ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးလုပ်ငန်း ပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံ နည်းပညာရှင် ပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဦးသိန်းဦးဘိုးစောနှင့် ပါမောက္ခဌာနမှူးနှင့် ခွဲစိတ်ကု ဆရာဝန်ကြီး ဒေါက်တာသိန်းညွန့်(ညွန့်ဝေ-ကသာ)တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၈) ဒုတိယညွှန်ကြားရေးမှူး

နံနက် ၈နာရီ မိနစ် ၅၀တွင် ဆွေးနွေးပွဲခန်းမ(၈)၌ ကျင်းပရာ သဘာပတိအဖြစ် မြန်မာ့သမိုင်းအဖွဲ့ အတွင်းရေးမှူး ဦးထွန်းအောင်ချိန်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)မှ ဦးပေါ်လိုက်ခမ်းနှင့် ကချင်ပြည်နယ် အထူးဒေသ(၂)မှ ဒေါက်တာမနန်တူးဂျာတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၁၀)မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့အစည်းအဝေးသို့ တက်ရောက်ခွင့်

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့၏ အစည်းအဝေးကို

ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၅ဦး ရှိသည့်အနက် ညီလာခံကိုယ်စားလှယ် ၁၀၄ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၀၅ ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကြောင်း ကြေညာသည်။

ထို့နောက် သဘာပတိ မြန်မာ့သမိုင်းအဖွဲ့အတွင်းရေးမှူး ဦးထွန်းအောင်ချိန်က အဖွင့်အမှာစကား ပြောကြားပြီး နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များအပေါ် ဥပဒေပြုရေးနှင့် အာဏာခွဲဝေမှုဆိုင်ရာ အကြံပြုစာတမ်းများကို ညီလာခံကိုယ်စားလှယ်များဖြစ်ကြသော ရန်ကုန်တက္ကသိုလ် သမိုင်းဌာန တွဲဖက်ပါမောက္ခ ဒေါ်ချိုချိုစွမ်းနှင့် ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုဌာန ဌာနမှူး၊ ပါမောက္ခ ဒေါက်တာစောဆိုင်မွန်သာတို့က တင်သွင်းကြသည်။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ✡

အမျိုးသားညီလာခံ အစုအဖွဲ့များမှ ကိုယ်စားလှယ်များ စာတမ်းတင်သွင်းရေးအတွက် အိပ်ဆောင်များ၌ စာတမ်းများကို ဆွေးနွေးညှိနှိုင်း ပြုစုလျက်ရှိကြစဉ်။ (သတင်းစဉ်)

အဖွင့်အမှာစကား

ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ မြန်မာ့ဆိပ်ကမ်းများ လုံခြုံရေးနှင့် အန္တရာယ်ကင်းဝေးရေးဆိုင်ရာ မြန်မာ–ဂျပန်ပူးတွဲနှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကား ပြောကြားစဉ်။
(သတင်းစဉ်)

မြန်မာ့ဆိပ်ကမ်းများ လုံခြုံရေးနှင့် အန္တရာယ်ကင်းဝေးရေးဆိုင်ရာ မြန်မာ–ဂျပန် ပူးတွဲနှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၅

ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ Ministry of Land, Infrastructure and Transport တို့ ပူးပေါင်းကျင်းပသည့် မြန်မာ့ဆိပ်ကမ်းများ လုံခြုံရေးနှင့် အန္တရာယ်ကင်းဝေးရေးဆိုင်ရာ မြန်မာ–ဂျပန်ပူးတွဲနှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်၉နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ်ရှိ အေးရှားဝေါလ် ဆိပ်ကမ်းတံတားအစည်းအဝေးခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေတက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ဝန်ကြီးချုပ်ရုံး ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးဖေသန်းနှင့် ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ၊ ပို့ဆောင်ရေးဝန်ကြီးဌာနမှ အထူးအရာရှိ ဗိုလ်မှူးချုပ်မျိုးတင်နှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ရှိသူများ၊ စာတမ်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက အဖွင့်အမှာစကားပြောကြားရာ၌ ယခု နှီးနှောဖလှယ်ပွဲနှင့်ပတ်သက်၍ ဂျပန်နိုင်ငံမြေပြင် အခြေခံအဆောက်အအုံကြီးများနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ ဝန်ကြီးဌာန၏ နည်းပညာအထောက်အကူပေးမှုကို အထူးပင်ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

လွန်ခဲ့သော နှစ်ပေါင်း ၄၀မှစ၍ သင်္ဘောများ၊ကုန်ပစ္စည်းများ၊ ခရီးသည်များ၊ သင်္ဘောသားများနှင့် သက်ဆိုင်သည့် လုံခြုံရေးဆိုင်ရာ ကိစ္စများကို အပြည်ပြည်ဆိုင်ရာမှ စိတ်ဝင်စားမှု တဖြည်းဖြည်း ကြီးထွားလာခဲ့ကြောင်း၊ ကမ္ဘာ့ဆိပ်ကမ်းမြို့များနှင့် သင်္ဘောများကို အန္တရာယ်အဆင့်အတန်းလိုက် ထိခိုက်စေနိုင်သောပင်လယ်ရေကြောင်းဆိုင်ရာ ခြိမ်းခြောက်မှုခြောက်မျိုးရှိပြီး ယင်းတို့မှာ ကုန်ပစ္စည်းအသေးအဖွဲ့ ခိုးယူမှုနှင့်အခြားခိုးမှုများ၊ တရားမဝင် မူးယစ်ဆေးဝါးမှောင်ခိုမှုများ၊ တရားမဝင် လူမှောင်ခိုတင်သွင်းမှုများနှင့် သင်္ဘောတွင်ပုန်းကွယ်၍ ခိုးစီးထွက်ခွာမှုများ၊ ပင်လယ်ဓားပြတိုက်ခြင်းနှင့် လက်နက်ကိုင်ကာ သင်္ဘောများကို တက်ရောက်လုယက်ခြင်း အမှုများ၊ အဖျက်လုပ်ငန်း ကျူးလွန်မှုများနှင့် အကြမ်းဖက်မှုများ စသည်တို့ဖြစ်ကြောင်း။

လိုက်နာကျင့်သုံး

"နိုင်ငံတကာ သင်္ဘောနှင့်ဆိပ်ကမ်း အဆောက်အအုံလုပ်ငန်းများ လုံခြုံရေးနှင့် သက်ဆိုင်သည့် ကိုဒ်ဥပဒေ" (ISPS Code)ကို ၂၀၀၄ ခုနှစ် ဇူလိုင် ၁ ရက် နောက်ဆုံးထားပြီး အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံအားလုံး လိုက်နာကျင့်သုံးရမည်ဖြစ်ကြောင်း။

အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ် (IMO) အနေဖြင့် ရေကြောင်းသွားလာမှုလုံခြုံရေးကိစ္စများ ဆောင်ရွက်ရာတွင် အကြမ်းဖက်သမားများအား တိုက်ခိုက်နှိမ်နင်းရာ၌ လိုအပ်သည့် ဥပဒေ၊ ဖွဲ့စည်းပုံ၊ အခြေအဆောက်အအုံတို့ကို တိုးတက်ရန် ကနဦးအဆင့်အနေဖြင့် ပူးတွဲကြိုးပမ်းမှုကို သေချာရန်စီစဉ် ခဲ့ပြီးဖြစ်ကြောင်း၊ ဆိပ်ကမ်းအဆောက်အအုံများ၊ သင်္ဘောများ အန္တရာယ်ကင်းဝေးမှုဆောင်ရွက်ချက်များကိုဆန်းစစ်ပြီး သင့်တော်သော လုံခြုံရေးဆောင်ရွက်မှု၊ လုံခြုံရေး အစီအမံများမှန်ကန်ကြောင်း စစ်ဆေးမှုများနှင့် သက်သေခံလက်မှတ်များ ထုတ်ပေးရေးတို့ကို ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ သင်္ဘောများ ဆိပ်ကမ်းများတွင် အလုပ်လုပ်နေကြသူများအတွက်ကိုမူ သက်သေခံလက်မှတ်များ ထုတ်ပေးဆောင်ရွက်နေပြီဖြစ်ကြောင်း။

ယခုနှီးနှောဖလှယ်ပွဲသည်ရေကြောင်းသွားလာမှုလုံခြုံရေး၊ ခြိမ်းခြောက်ခံရမှုများမှ ကင်းဝေးရေးနှင့် သင်္ဘောသွားလာမှုဆိုင်ရာနှင့် ဆိပ်ကမ်းအဆောက်အအုံ လုပ်ငန်းများဆိုင်ရာ မူဝါဒများကို ချမှတ်ဆောင်ရွက်ရန် ရည်ရွယ်ထားသည့်အပြင် ယင်းသို့ခြိမ်းခြောက်မှုများကို တုံ့ပြန်ဆောင်ရွက်နိုင်ရေးနှင့် သင်တန်းပို့ချလေ့ကျင့်မှုများ၏ လိုအပ်ချက်များကိုလည်း ဆွေးနွေးကြမှာဖြစ်ကြောင်း၊ ယင်းမှာမိမိတို့အတွက် ရေကြောင်းသွားလာမှုလုံခြုံရေးဆိုင်ရာ ပါဝင်ပတ်သက်မှု ပြဿနာရပ်များကို သိရှိနားလည်ရေးအတွက် အခွင့်အလမ်းထူးတစ်ရပ်ပင်ဖြစ်ကြောင်း။

ရေကြောင်းသွားလာမှု ဆိုင်ရာ လုံခြုံရေးဆိုသည်မှာ မူဝါဒများ၊ ဥပဒေသွင်ပြင်လက္ခဏာများသာမကလုပ်ငန်းဆောင်ရွက်မှုအဆင့်ပါပါဝင်ကြောင်း၊ ထို့အပြင် ဤဆွေးနွေးပွဲတွင် တက်ရောက်ပါဝင်ဆွေးနွေးလေ့လာသူများသည် ဂျပန်နိုင်ငံ၏ ဆိပ်ကမ်းလုံခြုံမှုမူဝါဒများ၊ ဆောင်ရွက်ချက်များ၊ ဆိပ်ကမ်းလုံခြုံရေးဆန်းစစ်ချက်များနှင့် အစီအစဉ်စီမံကိန်းများကို သိရှိနားလည်သဘောပေါက်မှာဖြစ်ကြောင်း။

လုံခြုံမှုရှိ

မြန်မာနိုင်ငံအနေဖြင့်မူ မိမိတို့၏ ဆိပ်ကမ်းများ၊ သင်္ဘောနှင့် ဆိပ်ကမ်းအဆောက်အအုံလုပ်ငန်းများမှာ လုံခြုံမှုရှိကြောင်းကို ပြောလိုပါကြောင်း၊ မိမိတို့အနေဖြင့် ယခုဆွေးနွေးပွဲ၏ ရလဒ်များအပြင် အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်နှင့် ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံအချင်းချင်းနှင့် အခြားလုပ်ငန်းတူ အဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ရေကြောင်းသွားလာမှုဆိုင်ရာ လုံခြုံမှုဆောင်ရွက်ချက်များနှင့် အစီအစဉ်များအောင်မြင်မည်ဟု ယုံကြည်ကြောင်း၊ မိမိတို့သည် ရေကြောင်းသွားလာမှုဆိုင်ရာမှာ သန့်ရှင်းကြည်လင်ပြီး ညစ်ညမ်းမှုကင်းသော ပင်လယ်ပြင်နှင့် လုံခြုံစိတ်ချရသော သမုဒ္ဒရာရေပြင်တွင် သင်္ဘောသွားလာ ပို့ဆောင်ရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးသာမက ယင်းရေကြောင်း သွားလာပို့ဆောင်ရေးလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်နေသူများအားလုံး အန္တရာယ်ကင်းဝေးစေရေးကို မြင်တွေ့လိုပါကြောင်း စသည်ဖြင့်ပြောကြားသည်။

မြန်မာ့ဆိပ်ကမ်းများ လုံခြုံရေးနှင့် အန္တရာယ် ကင်းဝေးရေး ဆိုင်ရာ မြန်မာ–ဂျပန် ပူးတွဲနှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr Yuji Miyamoto အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Yuji Miyamotoက အမှာစကားပြောကြားသည်။

ယင်းနောက် နံနက် ၁၀နာရီတွင် နှီးနှောဖလှယ်ပွဲကိုကျင်းပရာ သဘာပတိအဖြစ် ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းက ဆောင်ရွက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းက Preparation for the Port Security Measures in Myanmar စာတမ်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ မန်နေဂျာ ဦးမောင်ကလေးက Preparation for the Port Security Measures at Port of Yangon စာတမ်း၊ စင်ကာပူနိုင်ငံ St Education & Training Pte., Ltd. မှ Mr. Kee Lek Yong က Present Situation of Port Security in Singapore စာတမ်း၊ Japan Ports & Habours Association မှ Executive Director Mr. Takao Kakei က Port Security Policy and Measures in Japan စာတမ်း၊ Ports & Habours Bureau, MLIT, Japan မှ Deputy Director of International Affairs Mr. Hironobu ISHIBASHI က Introduction of Port Facility Security Assessment in Japan စာတမ်းနှင့် Overseas Coastal Development Institute, Japan မှ Senior Researcher Mr. Kenji Sasa က Introduction of Port Facility Security Plan inJapan စာတမ်းတို့ကို ဖတ်ကြား တင်ပြကြပြီး တက်ရောက်လာသူများ၏ ဆွေးနွေးမေးမြန်းချက်များကို ရှင်းလင်း ဖြေကြားကြသည်။

ထို့နောက် နှီးနှောဖလှယ်ပွဲပိတ်ပွဲအခမ်းအနားကို ညနေပိုင်းတွင် ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း တက်ရောက်ပြီး နှီးနှောဖလှယ်ပွဲသဘာပတိ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းက အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

✡ စာမျက်နှာ ၁၂ မှ

ယင်းနောက် မွန်ပြည်သစ်ပါတီ၊ ကချင်ပြည်နယ် အထူးဒေသ(၂)နှင့် ရှေ့ပြည်အေး (MTA) အလင်းဝင်အဖွဲ့တို့မှ ညီလာခံကိုယ်စားလှယ်များအဖွဲ့တို့မှ တင်သွင်းမည့် စာတမ်းများကို သဘာပတိထံအပ်နှံကြပြီး သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုနံနက်၁၀နာရီ ၁၀မိနစ်တွင် ရပ်နားလိုက်သည်။

အလားတူ တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များအစုအဖွဲ့နှင့် တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့တို့မှ ညီလာခံကိုယ်စားလှယ်များသည်လည်းမိမိတို့အစုအဖွဲ့အလိုက် အစည်းအဝေးများ၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီကကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များအပေါ် စာတမ်းတင်သွင်းရေးအတွက် အိပ်ဆောင်များ၌ စာတမ်းများကို ဆွေးနွေးညှိနှိုင်းပြုစုလျက်ရှိကြသည်။ (သတင်းစဉ်)

ရွာရန်ရာနှုန်း (၈၀)

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

❒ အမျိုးသားညီလာခံမှ

အောင်ခိုင်တို့ ပါဝင်သရုပ်ဆောင်ကြပြီး ၂၀၀၁ခုနှစ် အကယ်ဒမီဆုရ ဇာတ်ကားဖြစ်သော "အချစ်ကို မွေးဖွားခြင်း"ဇာတ်ကား ပြသဖျော်ဖြေတင်ဆက်သည်။

ယင်းသို့ အကယ်ဒမီဆုရ ရုပ်ရှင်ဇာတ်ကားဖြင့် ဖျော်ဖြေတင်ဆက်ရာ ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။
(သတင်းစဉ်)

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့

(၃၁–၅–၂၀၀၄)

World No - Tobacco Day
(31-5-2004)

"ဆေးလိပ်ဆေးရွက်ရှောင်ကြဉ်မှ၊ လူမှုဘဝချမ်းသာရ"

Tobacco Control and Poverty

ကျန်းမာရေးဝန်ကြီးဌာန

ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်လျှောက်လွှာခေါ်ယူ

ရန်ကုန် မေ ၂၅

၂၀၀၄–၂၀၀၅ခု ပညာသင်နှစ်အတွက် ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာ ဦးစီးဌာနအောက်ရှိ တက္ကသိုလ်များ၌ ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာ ဒီပလိုမာသင်တန်းများ၊ ဆေးပညာ မဟာသိပ္ပံသင်တန်းများ၊ ပါရဂူဘွဲ့သင်တန်းများ၊ သူနာပြု မဟာသိပ္ပံသင်တန်းနှင့် ဆေးဘက်ဆိုင်ရာ နည်းပညာမဟာသိပ္ပံ သင်တန်းများအတွက် သင်တန်းဝင်ခွင့် လျှောက်လွှာများကို ခေါ်ယူထားရာ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများ ဩဂုတ် ၆ရက် နောက်ဆုံးထား လျှောက်ထားနိုင်ကြောင်းနှင့် ဆေးသိပ္ပံပညာဦးစီးဌာန (ဘွဲ့လွန်ဌာနစိတ်)၌ အသေးစိတ်စုံစမ်းနိုင်သည်။
(သတင်းစဉ်)

ပုလဲမြို့နယ် ကမ္ဘာ့ရပ်ကျေးရွာ စက်ရေတွင်းဖွင့်

ရန်ကုန် မေ ၂၅

ပုလဲမြို့နယ် ကမ္ဘာ့ရပ်ကျေးရွာ စက်ရေတွင်းဖွင့်ပွဲကို မေ ၁၇ရက်တွင် ကျင်းပရာ စက်ရေတွင်းကို ပုလဲမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထင်ကျော်အေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးညွှန့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဗိုလ်ဗိုလ်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါစက်ရေတွင်းကိုအလှူရှင်ရန်ကုန်မြို့အင်းလျားလမ်းအမှတ်(၁၄/ဘီ) နေ ဦးဗိုလ်ရီ–ဒေါ်အုန်းကြည် မိသားစုက ငွေကျပ် ၅၀၀၀၀၀၊နိုင်ငံတော်၏ ထောက်ပံ့ငွေကျပ်၃၀၀၀၀၀နှင့်ကျေးရွာပြည်သူလူထု၏ထည့်ဝင်ငွေကျပ်၁၈၀၀၀၀ စုစုပေါင်း ငွေကျပ် ၉၈၀၀၀၀ အကုန်အကျခံဆောင်ရွက်ခဲ့ရာ စက်ရေတွင်းမှ တစ်နာရီလျှင် ရေဂါလန် ၁၂၀၀နှုန်းထွက်ရှိသဖြင့် ကျေးရွာလူထုသန့်ရှင်းသော သောက်သုံးရေကို ဖူဖူလုံလုံရရှိနေပြီဖြစ်သည်။ (သတင်းစဉ်)

သစ်တောဒုတိယဝန်ကြီး တရုတ်နိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မေ ၂၅

သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မေ ၂၃ ရက်မှ ၂၉ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ သစ်ဈေးကွက်များ လေ့လာရန်နှင့် ကုန်စည်ပြပွဲနှင့် ကြမ်းခင်းတုံးစက်ရုံများ လေ့လာရန် မေ ၂၃ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့အား သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်နှင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၂၅-၅-၂၀၀၄)

ကောသောင်း	-	၃ ဒသမ ၈၆ လက်မ
ထားဝယ်	-	၃ ဒသမ ၂၇ လက်မ
သထုံ	-	၂ ဒသမ ၆၈ လက်မ

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၆-၅-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

၁၃၆၆ခုနှစ်၊ နယုန်လဆန်း(၈)ရက် (ဥပုသ်နေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၁၀ ၆။ အရေးပြိုင်ပွဲ
- ၈:၂၀ ၇။ ရွှေလီတံတား
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Happy and Educational English Summer Course MRTV.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice in Reading.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (သတ္တဗေဒ အထူးပြု) (သတ္တဗေဒ)
- ၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၃၀ ၇။ သီချင်းကြီးပဒေသာ
- ၅:၄၅ ၈။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
- ၅:၅၅ ၉။ စက်မှုတပ်ဆင်လုပ်ငန်းတွင် (အကယ်ဒမီဇင်ဝိုင်း၊အကယ်ဒမီမင်းမော်ကွန်း၊အကယ်ဒမီ မို့မို့မြင့်အောင်) (ဒါရိုက်တာ–ဝင်းထွန်းဝင်း)
- ၆:၀၀ ၁၀။ သက်တံရောင်သံစဉ်
- ၆:၁၀ ၁၁။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၆:၂၀ ၁၂။ Discovery.
- ၆:၃၀ ၁၃။ ညနေခင်းသတင်း
- ၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၅။ ရှမ်းတို့နေထိုင်ရာ တိုင်းရင်းသားကျေးရွာ
- ၇:၁၅ ၁၆။ မွန်ပြည်နယ် (အပိုင်း–၂)
- ၇:၃၀ ၁၇။ ကျေးလက်ဒေသတစ်ခွင်အလှဆင်
- ၈:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆိုသည်မှာ" (အပိုင်း–၄၀)
- ၂၂။ **မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရုပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်းတရားတော်**
- ၂၃။ နောက်တစ်နေ့အစီအစဉ်
- ၂၄။ အစီအစဉ်ပြီး၏။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၅၆)သမိုင်း၊ မြေကွက်အမှတ်(၂၅/က)၊ ဧရိယာ သုညဒသမ ၆၄၅ဧကရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၉)ပါရမီလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သည့် မြေကွက်နေအိမ်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ခဲ့ပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားများယူဆောင်ကာ ဤကြော်ငြာပါသည့်နေ့မှ (ခုနစ်)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးအောင်နိုင်
တရားရုံးချုပ်ရှေ့နေ
၁၃၉၊၃၄လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အသက်ရှည်ရှည်နေလိုလျှင် "ဆေးပင်" ရှိထိပါ
ဆေးပင်
0503Y4509
▲ အကြောအားတိုးဆေး
▲ မြန်မာတိုင်းရင်းဆေးမြစ်ပေါင်း လေးဘက်နာ၊ လေငန်းလိမ်းဆေး

ပုပ္ပားကျောင်းတိုက် မုခ်ဦးဖွင့်ပွဲနှင့် အနေကဇာတင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၅

မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် ပုပ္ပားကျောင်းတိုက် နာယကဆရာတော် ဦးပဏ္ဍိစ္စကြီးမှူး၍ ၁၃၆၆ခု၊ နယုန်လပြည့်(ဇွန် ၂)ရက် နံနက် ၇ နာရီတွင် မြို့ထောင့်အေးငြိမ်းချမ်းသာ စေတီမုခ်ဦးဖွင့်ပွဲနှင့် မြို့ထောင့် အေးငြိမ်းချမ်းသာစေတီ၊ မဟာမြတ်မုနိဘုရားကြီး၊ နဂါးရုံဘုရားကြီး ၊ ပဠဝဂ္ဂီဘုရား၊ လိုတိုင်းရ, တတိုင်းပြီးစေတီ၊ ဘိုးတော်ဦးဝါယမ တည်သွားသော မဟာစေတီ၊ ကမ္ဘာကပ်ကျော်ရွှေစေတီ၊ သိဒ္ဓိရှင်စေတီ၊ ဓနသိဒ္ဓိငွေစေတီ၊ ပတ္တမြားစေတီ၊ ဓာတ်ပေါင်းစေတီ ၊ အောင်တော်မူစေတီ ၁၂ဆူတို့ကို အနေကဇာတင်ပွဲ ၊ သံဃာတော် ၄၅ပါးတို့အား ဆွမ်းစသော ဒါတဗ္ဗလှူဒါန်းပွဲ ကျင်းပမည်ဖြစ်၍ ကြွရောက်ကြရန်နှင့် တည်ဆောက်မည့် ဆွမ်းစားကျောင်းကြီးအတွက် အလှူငွေများကိုပုပ္ပားကျောင်းဖုန်း–၆၀၀၂၈သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။ (က–ပ)

မြေငလျင်သတင်း

ရန်ကုန် မေ ၂၅

၂၀၀၄ ခုနှစ် မေ ၂၄ ရက် မြန်မာစံတော်ချိန်ဝ၈နာရီ၊ ၁၁မိနစ်၊ ၃၄ စက္ကန့် အချိန်တွင် မန္တလေးမြေငလျင်စခန်း၏ အနောက်မြောက်ဘက် ၁၉၃မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်းနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာ စကေး ၄ဒသမ၉အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားခြင်းကို တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

အမည်ပြောင်းခြင်း

ဦးအောင်ကျော်မိုး၏သား အမက(၂)ကမာရွတ် သူငယ်တန်း(A)မှ မောင်အောင်ပိုင်မိုးအား မောင်အောင်ဆက်ပိုင်ဟု အမည်ပြောင်းလဲ ခေါ်ပါရန်။ **အောင်ဆက်ပိုင်**

ရောင်းချနေပါပြီ

အမျိုးအစား ကောင်းမွန်သော တွင်ခုံ၊ ဖောက်စက်၊ ရွှေဘော်စက်နှင့် အခြားစက်ပစ္စည်းများ ရောင်းချနေပါသည်။

ဆက်သွယ်ရန်–

အမှတ်(၁၂၄/B)၊ချင်းတွင်းလမ်း၊
တောင်ဒဂုံစက်မှုဇုန်(၃)၊
ဖုန်း–၆၆၃၄၁၄။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ မင်္ဂလာဦးလက်ဖွဲ့ တန်ဖိုးကြီးရတနာပစ္စည်းများ ထည့်ထားသောအိတ်တစ်လုံး ရွှေပြည်သာမြို့သစ် ထန်းခြောက်ပင်ထိပ် ဈေးလမ်းအနီး၌ ကျကျန်ခဲ့၍ တွေ့ရှိက အကြောင်းကြားပေးပါ။ **ဦးရဲမြင့်အောင်**
က/၁၈၅၊မေယု (၆)လမ်း၊
မြောက်ဥက္ကလာပ၊ ဖုန်း–၆၉၉၀၃၄။

လိပ်ခေါင်း၊ ဂရင်ဂျီနာ၊ အရိုးအကြော၊ အဖုအကျိတ်
(အမြန်ဆုံးကုသပေးသည်။) ၆ိ၀က
(၃၄၂) (ပထပ်)၊ ရွှေဘုံသာအထက်လမ်း၊ ရန်ကုန်မြို့။

အင်္ဂလိပ်စာ
နိုင်ငံခြားပညာသင်ခွင့်ရစာမေးပွဲအထူးသင်တန်း
ကမ္ဘာ့အဆင့်မီ အောင်လက်မှတ် ချီးမြှင့်မည်
မူလယ်ထောက်တွဲကြိုတွဲ့ရ LEVELS 1-9
Up-dated syllabus (UK) for each level
Moderate school fees (in kyats)
Teacher- Student ratio=>1: 12
A good language teaching- learning environment
Experienced,well-trained TEACHERS.
Anglia
Examination Syndicate
EDULINK
LANGUAGE CENTRE
၃၆/၃၈ အလုံပြဘုရားလမ်း
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
Grand Plaza Parkroyal Hotel ရှေ့
ENROL NOW ! Ph: 289191, 289179

ဆရာဒွေး အင်္ဂလိပ်စာသင်တန်း
သဒ္ဒါနှင့်အရေးအသားသင်
အင်္ဂလိပ်ဝါကျတွေကို အခြေခံမှစ၍ အဆင့်မြင့်အထိ ရေးတတ်အောင် (၃)ဆင့် လေ့ကျင့်နည်းစာအုပ် အပြီးပြီး ဆိုင်တိုင်းတွင် ရနိုင်ပြီ။ ဤစာအုပ်ဖြင့် အလယ်တန်းအထက်တန်းအတွဲ့ကြိုတွဲ့ရ အလုပ်ခွင်ရောက်သူအားလုံး (၅)လအတတ်သင်ပေးနေပြီ။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ ကျပ်ငွေဖြင့်သာခန့်ထားရန်)

ယာဉ်မောင်း **ကျား(၅)ဦး**

- ကားကောင်းမောင်းနိုင်သူ၊
- ဖယ်ရီကား/ရုံးကား မောင်းနိုင်သူ၊
- အရောင်းကား ၂တန်/၃တန်ကားများ မောင်းနိုင်ပြီး နယ်လမ်းကြောင်း အတွေ့အကြုံရှိသူ၊

အထက်ပါ အလုပ်ကိုစိတ်ဝင်စားသူသည် ဤကြော်ငြာသည့်ရက်မှ (၅)ရက်အတွင်း မိမိတို့ ကိုယ်ရေးရာဇဝင်၊ ဓာတ်ပုံ(၂)ပုံ၊ အကျင့်စာရိတ္တထောက်ခံစာ၊ ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အိမ်လိပ်စာအပြည့်အစုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုဇယား မိတ္တူတို့နှင့်အတူ စာတိုက်သေတ္တာအမှတ်(၉၀၅)သို့ ပေးပို့လျှောက်ထားနိုင်သည်။

U Aung Naing (LCCI)
B.Com (Q), CPA (Part-1), DA (LCCI), CAT (UK), DMAc, ACCA (Part-II)
L.C.C.I Level 1, 2 & 3
စာရင်းကိုင် Diploma သင်တန်း
အမှတ် (၂၆၈)၊ ဒု-ထပ်၊ ပန်းဆိုးတန်း(ထက်) ခုံးကျော်တံတားထိပ်၊ ကျောက်တံတားမြို့နယ်။
Ph : 721143, 09 5020528
5.6.04 (Sat)

Heart
စိုးစန္ဒာထွန်း
ချမ်းမြေ့ပါစေ
တစ်ကိုယ်တော်(Live Show)
TAPE, CD ထွက်ပြီ

202 (II) (အမျိုးသမီးသီးသန့်)
ကိုယ်ကာယအလှ နှင့် ကြံ့ခိုင်မှုသင်တန်း
မယ်မြန်မာ နှင့် အိုလံပစ်မယ်
ဖြိုးခရွှေစင်ချို သိင်္ဂီတိုး
တို့ နည်းပြဖွင့်လှစ်သည်။
အမှတ်(၉၁) ဒုထပ်၊ ၁၆ လမ်း၊ လမ်းမတော်။
☎: 709730 (25.5.04 ဖွင့်မည်။)

တက်သူတိုင်းတတ်၍ တတ်သူတိုင်း ကျွမ်းကျင်ပိုင်နိုင်စွာ ချုပ်နိုင်ရမည်။
မည်သည့်သင်တန်းနှင့်မှ မတူအောင် ဝိတ်စပေး၍ တစ်ဦးချင်း
အထူးဝရုစိုက် သင်ကြားပေးနေသည့်
ခင်သီတာအုန်း
အဆင့်မြင့်ဖက်ရှင်နှင့် စက်ချုပ်သင်တန်း
သင်တန်းသူ အသစ်များ ထပ်မံလက်ခံနေပြီ။
လူဦးရေကန့်သတ်ထားသည်။

မုံရွာမြို့နယ် ကော်လပြကျေးရွာ၌ စက်ရေတွင်းဖွင့် အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး တက်ရောက်ချီးမြှင့်

မုံရွာ မေ ၁၈

မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၃-၂၀၀၄ ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သော စက်ရေတွင်းဖွင့်ပွဲအခမ်းအနားကို မေ ၁၁ ရက်က ကော်လပြကျေးရွာ မုခ်ဦးမဏ္ဍပ်တွင် ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ တပ်မတော်အရာရှိကြီးများ၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ စစ်ကိုင်းခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကော်လပြကျေးရွာမှ ပြည်သူများ တက်ရောက်ကြသည်။

ယင်းနောက် ကော်လပြကျေးရွာ စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ၊ မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်စိန်၊ ကော်လပြကျေးရွာဥက္ကဋ္ဌ ဦးစန်းတို့က ကျေးရွာစက်ရေတွင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(ယာပုံ)** ကော်လပြကျေးရွာတွင် တူးဖော်ပေးခဲ့သော စက်ရေတွင်းမှာ အထူးတွင်းဖြစ်ပြီး နှစ်လက်မတွင်းပေ ၁၈၀ အနက်ရှိကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကြေးမုံ The Mirror

မြို့နယ် သတင်းများ

စီမံကိန်းရည်မှန်းချက် တာဝန်ပေး ဝန်ထမ်းများအား ဂုဏ်ပြုလွှာပေးအပ်

ရွှေဘို မေ ၁၇

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင်ရုံး၏ ၂၀၀၄-၂၀၀၅ ခုနှစ် စီမံကိန်းရည်မှန်းချက်များအား တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ရွှေဘိုမြို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ မေ ၁၅ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဦးဇော်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ၂၀၀၄-၂၀၀၅ နှစ်စဉ်စီမံကိန်းရည်မှန်းချက်များကို မြို့နယ်ဥက္ကဋ္ဌများအား တာဝန်ပေးအပ်သည်။

ဆက်လက်ပြီး ၂၀၀၃-၂၀၀၄ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း စီးပွားရေးစီမံကိန်း အကောင်အထည်ဖော်နိုင်မှု စီးပွားတိုးတက်မှုနှုန်းကောင်းသော ခရိုင်/မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများနှင့် စီမံကိန်းရုံးများ၊ စီမံကိန်းအကောင်အထည်ဖော်သည့် ဌာနဆိုင်ရာဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ **(ခရိုင်ပြန်/ဆက်)**

၂၀၀၄ ခုနှစ် ဧရာဝတီတိုင်း ထူးချွန်ကြက်ခြေနီ ဂုဏ်ပြုဆုပေးပွဲကို မေ ၃ ရက်က ပုသိမ်မြို့ ဧရာဝတီတိုင်း ကျန်းမာရေးဦးစီးဌာန ခန်းမတွင် ကျင်းပရာ တိုင်းရဲမှူးကြီးသန်းထွန်းက ထူးချွန်ကြက်ခြေနီတစ်ဦးအား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်စဉ်။ (၁၆၅)

ပြီ ၃ ရက်က ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့နယ် ရှမ်းရွာကျေးရွာအုပ်စု မိသားစုများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး မြို့နယ်ဦးစီးမှူး ဦးသန်းဆွေဦးက ကျေးရွာဥက္ကဋ္ဌထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (၄၈၇)

ဇီဝဓာတ်ငွေ့ လျှပ်စစ်စက်ရုံတည်ဆောက်ရေး ကွင်းဆင်း

နွားထိုးကြီး မေ ၁၉

မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့က မြို့နယ်အတွင်းရှိ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ မေ ၆ ရက် နံနက် ၁၁ နာရီက ဘုံသာကျေးရွာအုပ်စု ကြာပင်အိုင်ကျေးရွာသို့ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ အတွင်းရေးမှူး ဦးကျော်နိုင်ထွန်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးဝေမြင့်၊ မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း မြို့နယ်မန်နေဂျာ ဒေါ်စန်းစန်းမြင့်နှင့် မြို့နယ်မြေစာရင်းဦးစီးမှူး ဦးသန်းဖေတို့သည် ဇီဝဓာတ်ငွေ့ လျှပ်စစ်စက်ရုံ တည်ဆောက်ရေး မြေနေရာကို ကွင်းဆင်းကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

ရှင်းလင်းတင်ပြ

မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့အား ကြာပင်အိုင်ကျေးရွာဥက္ကဋ္ဌ ဦးကျော်ဝင်းက စက်ရုံတည်ဆောက်မည့် ရွာမြောက်ကျောင်းမြေနေရာ ရှင်းလင်းဆောင်ရွက်ထားမှု၊ အုတ်၊ ကျောက်၊ သဲ စုဆောင်းသိုလှောင်ထားမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြရာ မြို့နယ်ဥက္ကဋ္ဌက ကျေးရွာဇီဝဓာတ်ငွေ့ လျှပ်စစ်မီးလင်းရေး အမြန်ဆုံး ဆောင်ရွက်ရန် မှာကြားသည်။

ဆောင်ရွက်

ကြာပင်အိုင် ကျေးရွာသည် အိမ်ထောင်စု ၃၃၈ အိမ်ရှိပြီး နွားကောင်ရေ ၂၀၀၀ ကျော်ရှိသည်။ နွားချေးမှ ဇီဝဓာတ်ငွေ့ ထုတ်ယူပြီး ကျေးရွာ လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ကြမည်ဟု သိရသည်။ **(၉၄)**

ကွင်းဆင်းဆောင်ရွက်

မေ ၉ ရက်က ကွမ်းလုံခရိုင် တိရစ္ဆာန် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်အောင်နှင့် တာဝန်ရှိသူများ ကွမ်းလုံမြို့နယ် ဟိုလီကျေးရွာတွင် ကြက်လည်လိမ်ရောဂါနှင့် ကြက်ဝမ်းကျရောဂါ ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်စဉ်။ (၄၆၄)

မိုးရာသီအကြို သန့်ရှင်းရေးဆောင်ရွက်

ကျောက်ကြီး မေ ၂၀

ပဲခူးတိုင်း ကျောက်ကြီးမြို့ စည်ပင်သာယာရေးဈေး သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်ရေး မိုးရာသီအကြိုလုပ်ရှားမှု လုပ်ငန်းများကို မေ ၈ ရက် နံနက်ပိုင်းက မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးကိုကိုလေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ထွန်းတို့ ဦးဆောင်သော စည်ပင်သာယာရေး ဝန်ထမ်းများနှင့် ဈေးသူ၊ ဈေးသားများ စုပေါင်းဆောင်ရွက်ကြသည်။ **(၁၂၂)**

ပင်လယ်ဘူးမြို့၌ စာအုပ်မျိုးစုံ လှူဒါန်း

ပင်လယ်ဘူး မေ ၁၄

ပင်လယ်ဘူးမြို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသို့ စေတနာရှင်များက အများပြည်သူတို့ ကြည့်ရှုလေ့လာနိုင်ရေးအတွက် စာအုပ်များကို မေ ၁၀ ရက် နံနက် ၁၀ နာရီက လာရောက်လှူဒါန်းသည်။

မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြို့နယ်ဦးစီးအရာရှိ ဦးကျော်ကျော်က အားကစားနည်းမျိုးစုံ အခြေခံလက်စွဲစာအုပ် ၃၈ အုပ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရေးအဆင့်(၁) ဦးထွန်းဦးက အားကစားဂျာနယ်မျိုးစုံ ၃၈၂ အုပ်တို့ကို အသီးသီး ပေးအပ်လှူဒါန်းသည်။ (၂၂၂)

စာကြည့်တိုက်နှင့် သုတပညာ လုပ်ငန်းခွင်လေ့ကျင့်မှု ဆင့်ပွားသင်တန်း ဂန့်ဂေါ၌ဖွင့်

ဂန့်ဂေါ မေ ၁၇

စာကြည့်တိုက်နှင့် သုတပညာလုပ်ငန်းခွင် လေ့ကျင့်မှုဆင့်ပွားသင်တန်း အပတ်စဉ်(၅) ဖွင့်ပွဲကို ဧပြီ ၃၀ ရက် နံနက် ၁၀ နာရီတွင် ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှဆွေက အမှာစကား ပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်သန်းထွန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းသည်။

တက်ရောက်

သင်တန်းသို့ ဌာနဆိုင်ရာ ရပ်ကွက်/ကျေးရွာ စာကြည့်တိုက်များမှ သင်တန်းသား ၇၅ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ဖြစ်ကြောင်း သိရသည်။ (၄၆၅)

ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးလုပ်ငန်း ကြည့်ရှုစစ်ဆေး

ရွှေတောင် မေ ၁၅

ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေတို့သည် မေ ၁၃ ရက်က ရွှေတောင်မြို့နယ် အိုးထိန်းကုန်းကျေးရွာအုပ်စု ရှင်ငယ်ရွာသစ်ကျေးရွာ ၁ ဒသမ ၅ ပေ တွင်းတိမ်တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးကျော်ကျော်ဝင်းတို့က ရေတွင်းတူးဖော်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။ **(ဝဲပုံ)**

ထို့နောက် ညွှန်ကြားရေးမှူးနှင့် အဖွဲ့သည် ရှင်ငယ်ရွာသစ်ကျေးရွာမှ ပြည်သူများနှင့် တွေ့ဆုံ၍ စည်ပင်သာယာရေးဦးစီးဌာန၏ ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးမှုများကို ရှင်းလင်းပြောကြားသည်။

၂၀၀၄-၂၀၀၅ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ရေ ရရှိရေးကိစ္စများအတွက် ငွေကျပ် ၁၇၅၀၀၀ အသုံးပြု၍ ကျေးရွာငါးရွာတွင် လက်နှိပ်တုံကင်သုံးရေတွင်း ခြောက်တွင်း၊ ကျေးရွာရှစ်ရွာတွင် အောက်ဆွဲ တုံကင် ၁၀ တွင်းတို့ကို တူးဖော်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **(၁၄၃)**

ကျေးရွာချင်းဆက် မြေသားလမ်းများအခြေအနေ ကွင်းဆင်းစစ်ဆေး

ဘိုကလေး မေ ၂၅

ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့် အဖွဲ့သည် မေ ၂၀ ရက်က ဘိုကလေးမြို့နယ်စည်ပင် သာယာရေးအဖွဲ့သို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် စည်ပင်သာယာရေးဆိုင်ရာများ မှာကြားသည်။

ယင်းနောက် မေ ၂၁ ရက်တွင် ဈေး၊ ပန်းခြံနှင့် မြို့တွင်းသန့်ရှင်းသာယာလှပရေး လုပ်ငန်းကိစ္စရပ်များ ကိုလည်းကောင်း၊ ၂၀၀၃-၂၀၀၄ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ပြီး ဇီးသည်းဖိုးဒိကွဲ၊ ကွမ်းသီးချောင်းကျေးရွာချင်းဆက် မြေသားလမ်းများ အခြေအနေများနှင့် ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ကျေးလက်မြေသားလမ်းတို့ကို ကွင်းဆင်း စစ်ဆေးကြည့်ရှုပြီး လိုအပ်သည်များမှာကြားသည်။ **(အောက်ပုံ)**

(မြို့နယ်စည်ပင်)

စီမံကိန်းသီးနှံ တာဝန်ပေးအပ်

နွားထိုးကြီး မေ ၁၈

၂၀၀၄-၂၀၀၅ နွားထိုးကြီးမြို့ စီမံကိန်းသီးနှံတာဝန်ပေးအပ်ပွဲကို မေ ၁၆ ရက် နံနက်က မြို့နယ်စုပေါင်းရုံးတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေက အမှာစကားပြောကြား၍ တာဝန်ပေးအပ်သည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးတွင် မန်နေဂျာဦးဝေမြင့်၊ လုပ်ငန်းမန်နေဂျာ ဒေါ်စမ်းစမ်းမြင့်၊ မြို့နယ်မြေစာရင်းမှူး ဦးသန်းဖေတို့က စီမံကိန်းသီးနှံများအလိုက် တာဝန်ပေးထားမှုနှင့် စီမံကိန်းသီးနှံ လျာထားချက်ကျော်လွန်ရေး ဆောင်ရွက်ရန် မှာကြားသည်။

တက်ရောက်

တာဝန်ပေးအပ်ပွဲသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုကော်မတီဝင်များ၊ ရှေ့တန်းပညာပေးစခန်းခုနစ်ခုမှ စိုက်ကြပ်အဖွဲ့ဝင်များ၊ ကျေးရွာရပ်ကွက်(၇၀)မှ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

၂၀၀၄-၂၀၀၅ ခုနှစ်အတွက် ဝါမျိုးစုံအပါအဝင် နှမ်းစပါး၊ မိုးစပါး၊ ပဲမျိုးစုံနှင့် မီးဖိုဆောင်သုံးသီးနှံများ ဧကသုံးသိန်းကျော် စိုက်ပျိုးထုတ်လုပ်ကြမည်ဖြစ်သည်။ **(၉၅)**

မေ ၁၄ ရက်က ကွမ်းခြံကုန်းမြို့ မြို့မဈေးမီးဘေးကာကွယ်ရေးအတွက် အမှုဆောင် အရာရှိ ဦးမောင်မောင်အေးနှင့် မြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးကြည်လွင်တို့ ကြီးကြပ်လျက် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းပြီးမီးငြိမ်းသတ်မှု သရုပ်ပြစဉ်။

(မြို့နယ်စည်ပင်)

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တရားရုံး၊ ကျိုင်းတုံမြို့

၂၀၀၂ခုနှစ် တရားမဇာရီမှုအမှတ်-၁

ဒေါ်ငွေကျားရွှင် **နှင့်** ဒေါ်နန်းနွမ်း

တရားနိုင် **တရားရှုံး**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တရားရုံး တရားမကြီးမှုအမှတ်-၇/၂၀၀၀အမှုတွင် အနိုင်ဒီကရီအတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြပါပစ္စည်းများကို ၂၀၀၄ခုနှစ် ဇွန်လ ၂၈ရက်နေ့ နံနက်(၁၀)နာရီအချိန်တွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်ထားသည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်ပါသည်။
၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်သူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာလည်း ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန် မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျက် လက်မခံဘဲ ငြင်းပယ်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေတစ်ရာလျှင် နှစ်ဆယ့်ငါးကျပ်ကို လေလံဆွဲဝယ်ပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။
၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့် အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရသည်။
၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီး၊ နောက်ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်နေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၀၄ခုနှစ် ဧပြီလ ၁၉ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာကို ထုတ်ပေးလိုက်သည်။

တင်ဝင်း
ပြည်နယ်တရားသူကြီး
ရှမ်းပြည်နယ်(အရှေ့ပိုင်း)တရားရုံး
ကျိုင်းတုံမြို့။

ပစ္စည်းစာရင်း

ကျိုင်းတုံမြို့၊ ကတ်ဖအုပ်စု၊ ဦးပိုင်အမှတ်-မ/၂၊ ဧရိယာ(၇ဒသမ၀၀)ဧက၊ လ/န-၃၉ကျနေ့ ၂၈-၉-၂၀၀၀၊ စာအမှတ်-၅/၁၈/၃၁(ဦး ၆) ၁၃၂၂
(က) ကွင်းပြင်နှင့်ငါးကန်ပါအပန်းဖြေစခန်း
ကြမ်းခင်းဈေးမှာ ကျပ်သိန်း (၂၀၅၀၀၀၀) (ကျပ်သိန်းနှစ်ဆယ်နှင့် ငါးသောင်းတိတိ)ဖြစ်သည်။

COMPUTER RENTAL
P- II,P-III PC
NAWARAT Computer Sales, Maintenance & Rental
Tel: 29 57 58

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ ၁နှင့်၅)

မုံရွာခရိုင်တရားမရုံး၌

၂၀၀၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁၄

ရာပြည့်အဆင့်မြင့်ငွေစုငွေချေး **နှင့်** **၁။ ဦးအောင်မြင့်ဦး**
သမဝါယမအသင်းလီမိတက် **၂။ ဦးစိန်မောင်**
(၎င်း၏ကိုယ်စားလှယ်ဒေါ်လှလှမြင့် **၃။ ဦးအောင်ကျော်ဦး**
စာရင်းစစ်အဖွဲ့ခေါင်းဆောင်) **၄။ ဒေါ်ယုယုဝင်း**
နေပြည်တော်ပုံနှိပ်တိုက်လမ်းသွယ်
၃၀x၃၁လမ်းကြား၊ ၈၄လမ်း
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
(တရားလို) **(တရားပြိုင်များ)**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၃၀ x ၃၁လမ်းကြား၊ ၈၄လမ်းနေ ဦးအောင်မြင့်ဦး၊ ဦးစိန်မောင်၊ ဦးအောင်ကျော်ဦးနှင့် ဒေါ်ယုယုဝင်း(ယခုနေရပ်လိပ်စာမသိ)တို့အား သိစေရမည်။

သင်တို့အပေါ်၌ တရားလိုအသင်းက ချေးငွေအရင်း၊ အတိုးစုစုပေါင်း (၁၃၁၀၅၃၂၂/-)ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူသင့်ကိုယ်စားလှယ်ရုံးခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ခုနှစ် ဇွန်လ(၁)ရက်(၁၃၆၆ခုနှစ်၊ နယုန်လဆန်း ၁၄ရက်)နေ့ မွန်းမတည့်မီ (၁၀)နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၀၄ခုနှစ် မတ်လ(၁၁)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စန်းစန်းရီ
ဒုတိယခရိုင်တရားသူကြီး
မုံရွာခရိုင်တရားရုံး။

TV - VIDEO, VCD, DVD & RADIO CASSETTE
01-201808-282384
MYANMAR KYOKO

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

တံတားအသုံးပြုခကောက်ခံခွင့်လုပ်ငန်းဆောင်ရွက်ရန်

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်းရှိ လက်ရှိတံတားအသုံးပြုခကောက်ခံနေသော အောက်ဖော်ပြပါ သန်လျင်တံတား၏ ၂၀၀၄-၂၀၀၅ မှ ၂၀၀၆-၂၀၀၇ နှစ်အထိ တံတားအသုံးပြုခကောက်ခံ ခွင့်လုပ်ငန်း (၃)နှစ်လုပ်ပိုင်ခွင့် လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း ချိပ်ပိတ်တင်ဒါစနစ်ဖြင့် လေလံတင် ရောင်းချသွားမည်ဖြစ်ပါသည်-

(က) လေလံတင်ရောင်းချမည့်တံတား
- သန်လျင်တံတား (သာကေတမြို့နယ်)

(ခ) ဈေးနှုန်းတင်သွင်းလွှာနှင့် စည်းကမ်းချက်များဝယ်ယူနိုင်သောနေရာ
- မြန်မာ့စီးပွားရေးဘဏ်ချုပ်၊ စီးပွားရေးဌာန၊ တတိယထပ်၊ အခန်းအမှတ်(၃၀၃)

(ဂ) ချိပ်ပိတ်တင်ဒါလေလံတင်သွင်းရမည့် ရက်နှင့်အချိန်
- ၃၁-၅-၂၀၀၄ ရက်နေ့ ၁၀၀၀ နာရီမှ ၁၂၀၀ နာရီအထိ

(ဃ) ချိပ်ပိတ်တင်ဒါလေလံသွင်းရမည့်နေရာ
- မြန်မာ့စီးပွားရေးဘဏ်ချုပ်၊ အစည်းအဝေးခန်းမ

(င) ချိပ်ပိတ်တင်ဒါ ဖွင့်လှစ်မည့်ရက်၊နေ့နှင့်အချိန်
- ၃၁-၅-၂၀၀၄ ရက် (တနင်္လာနေ့) ၁၃၀၀ နာရီ

(စ) ချိပ်ပိတ်တင်ဒါ ဖွင့်လှစ်မည့်နေရာ
- မြန်မာ့စီးပွားရေးဘဏ်ချုပ်၊ အစည်းအဝေးခန်းမ

မှတ်ချက်။ ချိပ်ပိတ်တင်ဒါဝယ်ယူရန် လျှောက်လွှာနှင့် စည်းကမ်းချက်များအား (၁)စုံလျှင် (၅၀၀၀)ကျပ်နှုန်းဖြင့် ရုံးချိန်အတွင်း မြန်မာ့စီးပွားရေးဘဏ်ချုပ်၊ စီးပွားရေးဌာန၊ တတိယထပ်၊ အခန်းအမှတ်(၃၀၃)တွင် ဝယ်ယူနိုင်ပါသည်။

ဥက္ကဋ္ဌ
တံတားအသုံးပြုခွင့်လိုင်စင် လေလံတင်ရောင်းချရေးကြီးကြပ်ရေးအဖွဲ့
ရန်ကုန်တိုင်း

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့၊ အင်းလေးနေ
ဦးကြို – ဒေါ်တင်ရီတို့၏သား
မောင်ထိန်ဝင်း B.E (Mechanical)
3rd Engineer (Liz Star Company Ltd.)
နှင့်
ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်နေ
ဦးမြင့်သိန်း(ဟိန်းမြန်မာ)–ဒေါ်အုန်းရီ(အထက–၁ ဒေါပုံ၊ ငြိမ်း)
တို့၏သမီးကြီး
Dr. ရီမြင့်သက် (M.B.,B.S) (YGN)
M.M.ed . Sc (Microbiology)
တို့သည် ၁၆–၅–၂၀၀၄နေ့တွင် နှစ်ဖက်သော လူကြီးမိဘများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ထိန်ဝင်း – Dr. ရီမြင့်သက်။

ဖခင်အမည်မှန်

အမည်ပြောင်းခြင်း

ဦးမောင်မောင်နိုင်၏သမီး အထက (၄) မြောင်းမြမှ မငြိမ်းငြိမ်းစိုးအား ဆုမြတ်မွန်ဟု ပြောင်းလဲခေါ်ပါရန်။

ဆုမြတ်မွန်။

အမည်ပြောင်းခြင်း

ဦးမောင်စိန်၏သမီး အထက(၃) မင်္ဂလာတောင်ညွန့် အဌမတန်း(B)မှ မသီတာဝင်းအား မဝင်းပပအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မဝင်းပပအောင်။

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရေစကြိုမြို့နေ (ဦးဘအို–ဒေါ်ကြည်)နှင့်ထန်းတပင်မြို့နေ(ဦးဟိန်–ဒေါ်လှိုင်)တို့၏မြေး၊
ရန်ကုန်မြို့နေ ဗိုလ်မှူးကြီးရဲအောင်(ငြိမ်း)–ဒေါ်ခင်ငွေးလွင်
တို့၏သား
မောင်ဇာနည်ရဲအောင် (B.Sc(I.C), Adv.(DBA)
Shin Ma Sales Centre
Royal Techno Myanmar Construction Group
Informatics Computer Centre (Lanmadaw)
နှင့်
ရန်ကုန်မြို့နေ [ဦးစောလှဖြူ(ဒုတိယဝန်ကြီး)(ပို့/ဆက်)၊ ငြိမ်း]–ဒေါ်မြမိုးနှင့်
တောင်သာမြို့နေ(ဦးကျော်စိန်–ဒေါ်ဖွားအေး)တို့၏မြေး၊
ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ ပါရမီလမ်း၊ အမှတ်(၆)ငွေကြာယံရိပ်သာနေ
(ဦးစောအောင်ဖြူ)–ဒေါ်လှလှမော်တို့၏သမီး
မလှနှင်းဖြူ B.A(English), Dip . English, IDCS)
Business Representative (Topcast Aviation Supplies Co.,Ltd.)

တို့၏ ၂၃–၅–၂၀၀၄ရက်နေ့ ယုဇနဂါးဒင်းဟိုတယ်မင်္ဂလာခန်းမ ရန်ကုန်မြို့၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲအခမ်းအနားသို့ ကိုယ်တိုင်ကြွရောက်၍ မင်္ဂလာပန်းကုံးချီးမြှင့်ပေးပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်ဇနီး ဒေါ်မာလာတင့်အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့်ဇနီး ဒေါ်မြသီ်ဂီအားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပါသော သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းနှင့်ဇနီး ဒေါ်မြင့်မြင့်ကို၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ငွေးဦးနှင့်ဇနီး ဒေါ်နီနီဝင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင်(ငြိမ်း)နှင့်ဇနီး ဒေါက်တာဒေါ်နန်းဦး၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၏ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးချုပ်အောင်သိန်း၊ ဗိုလ်မှူးချုပ် သန်းငွေးနှင့်ဇနီး ဒေါ်စိုးဝတ်ရည်၊ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၏ဇနီး ဒေါ်ခင်မစိုး၊ ညွှန်ကြားရေးမှူးချုပ်များ၊ နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး တေးသံရှင် ဒေါ်ရီရီသန့်နှင့် မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော (The Aces)တေးဂီတအဖွဲ့နှင့် တေးသံရှင်များအားလည်းကောင်း၊ ယုဇနဂါးဒင်းဟိုတယ် မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူ ပုဂ္ဂိုလ်အသီးသီးအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇာနည်ရဲအောင်–မလှနှင်းဖြူ။

ထိမ်းမြားလက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

၂၅–၅–၂၀၀၄ (အင်္ဂါနေ့)တွင် ကျင်းပသော ကျွန်တော်၊ ကျွန်မတို့၏ ထိမ်းမြားလက်ထပ် မင်္ဂလာ ညှော်ခံပွဲနှင့် ညှော်ခံမင်္ဂလာ ညစာစားပွဲတို့တွင် ကြွရောက် ချီးမြှင့်ကြသော နှစ်ဖက်မိဘဆွေမျိုးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဂုဏ်သရေရှိ လူကြီးမင်းများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းအကူအညီ ပေးကြသော ညီသည်တော်များကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်မိဘဆွေမျိုးများနှင့်
မောင်စိုင်းအောင်ပိုင်(ခ)စိုင်းမင်းသန့်–မဖြိုးဖြိုးစံ
B.Sc(Phys) B.Sc(Chem)

နှစ်ဦးသဘောတူလက်မှတ်ရေးထိုးလက်ထပ်ပြီးစီးခြင်း

ကျွန်တော်မောင်မိုးဇော်သိန်း(ခ)ဘိုဘို[၁၂/ဗဟန(နိုင်)၀၀၂၆၂၅]နှင့် ကျွန်မ မရီရီစိန်[၉/မရတ(နိုင်)၀၅၂၁၆၁]တို့သည် ၂၀၀၄ခုနှစ် မေလ၂၀ရက်နေ့တွင် ရန်ကုန်တိုင်းတရားရုံးတွင် လက်မှတ်ရေးထိုးလက်ထပ်ပြီးစီးပါကြောင်း။

မောင်မိုးဇော်သိန်း–မရီရီစိန်။

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးမြင့်ဝေ–(ဒေါ်ရီရီသိန်း)တို့၏သား
ဗိုလ်ကြီး ကိုကိုလတ် B.Sc(D.S.A)
တပ်မတော်(ရေ)
နှင့်
ရန်ကုန်မြို့နေ ဦးသိန်းဖေ – ဒေါ်တင်လှိုင်တို့၏သမီး
မသင်းစုလှိုင် B.Sc˚(Botany)
ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

